ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လကွယ်နေ့၊ အင်္ဂါနေ့၊ (28-10-2008) (၅၉၄၅)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ***

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General, Zhang Li အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**အတည်ပြုချိန် ၃း၀၀**

The Mirror
၂၈-၁၀-၂၀၁၈
(အင်္ဂါနေ့)

## နည်းပညာ၊ အသိပညာတိုးပွားလာရေး မြှင့်တင်ကြိုးပမ်း

ပညာအရည်အသွေး ပြည့်ဝထက်မြက်သော မျိုးဆက်သစ်များသည် ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင် အဖွဲ့အစည်းဖြစ်ပေါ်လာရေးတွင် အဓိကအရင်းအမြစ် စွမ်းအားစုများဖြစ်သည်။ ၂၁ ရာစုတွင် ရင်ဆိုင်ကြုံတွေ့ရမည့် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ၌ ဆရာ၊ ဆရာမများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

နိုင်ငံတော်အစိုးရက ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခေတ်မီကွန်ရက်စနစ်များကို စီမံဖန်တီး တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်နှင့်မြို့ပြ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တစ်ပြေးညီ ဖြစ်ထွန်းလာလျက်ရှိသည်။ ပညာရေးပတ်ဝန်းကျင်ကောင်းများကို တည်ဆောက်ပေးရာ၌ စာသင်ကျောင်းများ တိုးချဲ့အဆင့်မြှင့်တင်ပေးမှုနှင့်အတူ ဆရာ၊ ဆရာမများ တိုးမြှင့်မွေးထုတ်ပေးနိုင်ရေး၊ ဆရာအတတ်ပညာ ပြည့်ဝရေးတို့ကိုလည်း အလေးထားဖော်ဆောင် ဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍစုံ၌ ပညာရေးကို အခြေစိုက်ပြီး ကြိုးပမ်းနေသကဲ့သို့ အမျိုးသားပညာရည်မြင့်မားရေးအတွက် နှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ချမှတ်ဖော်ဆောင်နေသည်။ ပညာရေးကဏ္ဍကို နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ တိုးတက်ပြောင်းလဲလာစေရန် ရည်မှန်းဆောင်ရွက်နေသည်။

ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ တောင်းဆိုလာသည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့် ဝိဇ္ဇာသိပ္ပံ ပညာရပ်များ တိုးတက်မြင့်မားလာစေရေး မြှင့်တင်ကြိုးပမ်း အားထုတ်လျက်ရှိသည်။ အထူးသဖြင့် လူငယ်လူရွယ်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပညာရပ်များကို သာမက တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် စာရိတ္တမဏ္ဍိုင်တည့်မတ်ခိုင်မာပြည့်ဝစွာဖြစ်ထွန်းလာစေရေး လေ့ကျင့်ပျိုးထောင် သင်ကြားပေးကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ နိုင်ငံနှင့်လူမျိုး၏ အမျိုးသားခနအင်အား၊ ခိုင်မာတောင့်တင်းသည့် စွမ်းအား၊ နည်းပညာတိုးတက်မှုစွမ်းအား၊ အခြေခံအဆောက်အအုံများ ပြည့်စုံစွာ တည်ဆောက်ထားနိုင်မှုစွမ်းအား နှင့် ပြည်သူများ၏ စိတ်ဓာတ်ရေးရာစွမ်းအားတို့ ပြည့်ဝခိုင်မာမှု ရှိရမည်ဖြစ်သည်။

သို့ဖြစ်၍ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူတိုင်းကကျောင်းသား၊ ကျောင်းသူလူငယ်များကို စွမ်းရည်စိတ်ဓာတ် ပြည့်ဝခိုင်မာစေရေး၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာစွမ်းအားများ တိုးပွားလာစေရန် စဉ်ဆက်မပြတ် မြှင့်တင်ပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းရရှိလာမည်ဖြစ်ပါသည်။ ။

## ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၁၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၁၉) လမ်းထောင့် Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အီတိုးနှင့် မြင့်မြတ်သူတို့၏ မင်္ဂလာအခမ်းအနားများနှင့် ညစာစားပွဲမြင်ကွင်း အပြည့်အစုံ၊ စင်ကာပူ၏ တည်ဆောက်ရေးလုပ်ငန်းစုများအတွက် မြန်မာလုပ်သားတစ်သောင်းကျော်ခေါ်မည်၊ ကျိုက္ခမီရေလယ်ဘုရားကို ဒီရေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားဖြင့် မီးပူဇော်မည်၊ အောင်ဘာလေထီကို ကျပ်သိန်းတစ်ထောင်ဆုထိ တိုးမြှင့် ခံစားခွင့်ရတော့မည်၊ ပျူခေတ်ပြက္ခဒိန်ကို ဆက်လက်ဆောင်ရွက်ရန်ရှိ၊ မလေးရှားနိုင်ငံ၌ မြန်မာ့ရိုးရာဇာတာဖွဲ့ ဆော့ဖ်ဝဲသင်တန်းကျောင်းဖွင့်၍ ကွန်ပျူတာဖြင့်ဇာတာဖွဲ့ပေးမည်၊ မြန်မာနိုင်ငံတွင် SEC လက်မှတ်ရရှိပါက စင်ကာပူ၌ ၁၈ နှစ်အလုပ်လုပ်ခွင့်ရမည်၊ နိုင်ငံတကာအဆင့်မီ Wifi စနစ်ဖြင့် အင်တာနက်အခမဲ့ အသုံးပြုနိုင်သည့်နေရာ၊ ဓာတ်ပုံများကို တစ်ပြိုင်တည်း ရိုက်ကူးပြသနိုင်သော ပရိုဂျက်တာ မြန်မာ့ဈေးကွက်အတွင်းရောက်ရှိလာ၊ လှိုင်းထဲလေထဲတွင် လက်ပစ်ကူးခပ်ရင်း အိပ်ပျော်သွားခဲ့သော်လည်း အသက်မသေဘဲ ထူးဆန်းစွာပြန်တွေ့ရသည့် လူငယ်၊ ဟဲလေးရဲ့ မင်္ဂလာဆြေ့ခံပွဲမြင်ကွင်း၊ သုံးထပ်ဂီတာဖြင့် လက်စွမ်းပြခဲ့သည့် နိုင်ဇော်၊ ကားငါးစီးဆင့်တိုက်ရာမှ လမ်းဖြတ်ကူးသူတစ်ဦး ပွဲချင်းပြီးသေဆုံး၊ မိုးကြိုးပစ်ခံရသောကြောင့် နွား ၅၂ ကောင် တစ်ပြိုင်တည်း သေဆုံး၊ ဧရာမပင့်ကူကြီးက ငှက်ကို ဖမ်းဆီးစားသောက်၊ ဖက်ရှင်ပြိုင်ပွဲ၌ အကောင်းဆုံးရရှိသူ ဆုယူရန်တက်လာစဉ် မြွေပေါက်ခံရ စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

| | |
|---|---|
| ပြည်သူ့သဘောထား | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ |
| | ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ |
| | ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ |
| | ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးစာတမ်းဖတ်ပွဲကျင်းပ
## တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၇

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေးအသိပညာပေးစာတမ်းဖတ်ပွဲဖွင့်ပွဲကို ယမန်နေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။**

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ယာဉ်ထိန်းအင်ဂျင်နီယာ ဒေါ်တင်စပါယ်ဦး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးခင်မောင်လင်း၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးချစ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ဥပဒေပညာဌာန ပါမောက္ခ ဒေါက်တာမြင့်သူမြိုင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ဦးစီးအရာရှိ ဒေါ်ခင်လှမြင့်၊ ရန်ကုန်တိုင်း ဥပဒေရုံးမှ ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်ခင်မာကြည်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခ/ဌာနမှူး ဒေါ်ဌေးဌေးလွင်တို့က စာတမ်းအသီးသီးကို ဖတ်ကြားတင်ပြဆွေးနွေးကြပြီး ပထမနေ့ စာတမ်းဖတ်ပွဲ အစီအစဉ်များကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေး စာတမ်းဖတ်ပွဲ ဒုတိယနေ့ အစီအစဉ်များကို အောက်တိုဘာ ၂၇ ရက်တွင် စာတမ်းရှင် ရှစ်ဦးတို့က ဆက်လက်ဖတ်ကြား ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)





ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေး စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့ ပုဂံလမ်းရှိ အမှတ်(၄၈) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်ခင်မာအေး၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာ ဒေါ်နီလာသိန်းနှင့် သွားအထူးကုဆရာဝန် ဒေါက်တာ ဒေါ်သိမ့်သိမ့်သန်းဝေတို့က ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် စမ်းသပ်ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်စန္ဒာအောင်နှင့် အဖွဲ့ဝင်များက တတိယတန်းနှင့် စတုတ္ထတန်းစာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ တစ်ကိုယ်ရေ သန့်ရှင်းကျန်းမာရေးအတွက် အသိပညာပေးစကားပြောကြားကြသည်။

ဆက်လက်၍ ကျောင်းခန်းမ၌ ပဉ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်း ကျောင်းသား၊ ကျောင်းသူများအားမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှ အတွင်းရေးမှူး ဒေါ်သန်းသန်းဝင်းက "မြတ်နိုးဖွယ်ရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အသိပညာရှင်၊ အတတ်ပညာရှင် ဒေါက်တာဒေါ်ကြည်ကြည်အောင်က "အိုင်စီတီဖွံ့ဖြိုးမှုနှင့် လူငယ်များကဏ္ဍ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပြောကြားကြသည်။



ယင်းနောက် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှလှူဒါန်းသောဗလာစာအုပ် ဒါဇင် ၅၀ နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှလှူဒါန်းသော အမှိုက်ပုံး ၁၀ ပုံးနှင့် အမှိုက်အိတ်၁၅၀တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် လူမှုရေးနှင့် ယဉ်ကျေးမှု အဖွဲ့ခေါင်းဆောင်ဒေါ်စန္ဒာအောင်တို့က ကျောင်းစာကြည့်တိုက်အတွက် သုတစာအုပ်များကို လည်းကောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်လတ်ထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**✳ ရှေ့ဖုံးမှ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ညှိနှိုင်းသည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် စစ်သံမှူး Senior Colonel, Fan Lianfeng တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

## အမွေဆင့်ပွားဝေ အသရေမြင့်မားနေ

✳ သဘင်အနု၊ သုခုမပညာ၊
သိမ်မွေ့နက်နဲ၊ခက်ခဲလွန်းလှစွာ၊
မြန်မာ့အစဉ်အလာ၊အလင်္ကာသီဆင့်။
စည်းဝါးနရီ၊သံစဉ်ညီ
ချိုကြည်ဂုဏ်ရည်မြင့်သည်တည့်လေး။

✳ အားနှင့်မာန်နှင့်၊ကြွားဝင့်နိုင်ခဲ့ပေ
ရိုးရာအလိုက်၊စရိုက်လက္ခဏာတွေ၊
တည်တံ့ခိုင်စေ၊အမွေဆက်ကမ်း။
ကြည်မြချိုသာ၊ပီသစွာ
ထံတျာဂီတစွမ်းသည်တည့်လေး။

✳ နှလုံးစိတ်ဝမ်း၊အေးချမ်းလို့ကြည်ရွှင်၊
ကွက်စိပ်စာဟော၊ အသောအထေ့စုံလင်၊
မဟာဗုဒ္ဓဝင်၊ပေါ်လွင်ခဲ့ညား။
မှတ်သားစရာ၊ပုံဆောင်ကာ
ဇာတ်စာဇာတ်စကားရယ်နှင့်လေး။

✳ ဒို့ဘိုးဒို့ဘွား၊အမျိုးသားရေးလက္ခဏာ
ကိုယ့်ဟန်ထုံးဓလေ့၊ခင်မွေ့မြတ်နိုးကာ၊
တိုင်းခြားဟန်မပါ၊မြန်မာဗီဇ။
မြန်မာ့မူဟန်၊ဇာတိမာန်
ရှင်သန်သွေးနိုးရသည်နှင့်လေး။

✳ ချိုမြအေးပြီး ခိုင်မြဲခြင်းအလှ အမွေဆင့်ပွားတည်။
ဆိုကရေးတီး ပြိုင်ပွဲကျင်းပ အသရေမြင့်မားပြီ။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ



**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၉နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Guan Mu၊ စစ်သံမှူး Senior Colonel, Fan Lianfeng နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ နေပြည်တော်တစ်ခွင် လေ့လာ

နေပြည်တော် အောက်တိုဘာ ၂၇

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ လေ့လာရန်ရောက်ရှိနေသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့မှ တိုင်းရင်းသား လေ့လာရေးအဖွဲ့ဝင်များနှင့် ဗဟိုနှင့် ပြည်နယ်၊ တိုင်းအသီးသီးတို့မှ အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တစ်ခွင် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။**

ရှေးဦးစွာ လေ့လာရေးအဖွဲ့ဝင်များသည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရုပ်မြင်သံကြား ထုတ်လွှင့်မှု အစီအစဉ်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။ ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့ရုပ်မြင်သံကြား အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် သစ်တောရေးရာဝန်ကြီးဌာန တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဆင်လိမ္မာပြကွက်၌ ဆင်လိမ္မာများက "ကြိုဆိုပါ၏ ဆိုင်းဘုတ်"ကို နှာမောင်းဖြင့်မချီကာ ဂါရဝပြုနှုတ်ဆက်ခြင်း ပြကွက်၊ အလံတင်ပြကွက်၊ တုံးပေါ်နောက်ထိုင်ပြကွက်၊ တလိမ့်လိမ့်၍ သွားခြင်း ပြကွက်နှင့် သစ်တုံးပေါ်မှ လမ်းလျှောက်ပြခြင်း ပြကွက်တို့ကို ကြည့်ရှုလေ့လာ အားပေးကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် (ခွေးအ)ပြကွက်၊ တောခွေးကျွန်း၊ သမင်ပြကွက်၊ ကျားဖြူပြကွက်၊ ဝက်ဝံပြကွက်၊သမင်ပြကွက်၊ငှက်ကျွန်းပြကွက်၊ ယုန်သမင်ပြကွက်၊ ရေပျော်ငှက်များပြကွက်၊ ပင်ဂွင်းငှက်ပြကွက်နှင့်မြွေပြကွက်များကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဝန်ထမ်းအိမ်ရာများ၊ နေပြည်တော်မြို့မဈေးနှင့် အဆင့်မြင့်ဈေးများနှင့် နေပြည်တော်၏ သာယာလှပသော ရှုခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငလိုက်အပန်းဖြေစခန်းသို့ သွားရောက်အပန်းဖြေကြပြီး ငလိုက်ရေလှောင်တမံကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ရေပန်းအလှဆင်ထားမှုနှင့် ပန်းမန်များ စိုက်ပျိုးထားမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ လေ့လာရန်ရောက်ရှိနေသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့မှ တိုင်းရင်းသား လေ့လာရေးအဖွဲ့ဝင်များ၊ ဗဟိုနှင့် ပြည်နယ်၊ တိုင်းအသီးသီးတို့မှ အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)





## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၀-၂၀၀၈ (အင်္ဂါနေ့)

AM & PM

- ၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ - ၁း၀၅ "နိဗ္ဗာန်လမ်းညွှန်" တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
- ၈း၀၅ - ၂း၀၅ Activities In The City [ကျောင်းကျန်းမာရေးဟောပြောပွဲ၊ အဘိဓမ္မာစာအောင်ပြန်ပွဲ၊ Kalfornဆေးဝါးမိတ်ဆက်]
- ၈း၂၀ - ၂း၂၀ Sunday Talk
- ၉း၂၀ - ၃း၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၃၀ - ၃း၃၀ ထူးလှသည့်ရောင်ခြည်များနှင့် ရှင်စောမြတ်စေတီ၏ ဗုဒ္ဓပူဇနီယပွဲတော်
- ၉း၅၀ - ၃း၅၀ တေးဂီတအစီအစဉ်
- ၉း၅၅ - ၃း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၀ - ၄း၀၀ Cartoon Show Time (MONSTER HOUSE)
- ၁၀း၃၅ - ၄း၃၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၄၀ - ၄း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ - ၄း၄၅ ကျန်းမာသန်ထွား ညာဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ငွမ်းပုံ)
- ၁၁း၀၀ - ၅း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၁၅ - ၅း၁၅ သာသနာအတွက် လျှောက်လှမ်းရသော လမ်းခရီးဝယ် [ဒေါက်တာချစ်ငယ်(ဒဿန)Ph.D]
- ၁၁း၃၀ - ၅း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၃၅ - ၅း၃၅ တေးဂီတအစီအစဉ်
- ၁၁း၄၅ - ၅း၄၅ မင်္ဂလာပန်းစံပယ်၏ ဒိုင်ယာရီ
- ၁၂း၁၀ - ၆း၁၀ Music Gallery (တင်ဆက်သူအကြိုက်တေးသီချင်းများစုစည်းမှု)
- ၁၂း၃၀ - ၆း၃၀ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း-၂)
- ၁၂း၄၅ - ၆း၄၅ တေးဂီတအစီအစဉ်
- ၁၂း၅၀ - ၆း၅၀ ဂုံညင်းတန်းတံတား
- ၁၂း၅၅ - ၆း၅၅ တေးဂီတအစီအစဉ်
- ၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**Barclay Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၁၅ | EPL Week (10) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် | ESPN/STAR SPORTS (Live) |

# အမေရိကန်တို့၏ စီးနင်းတိုက်ခိုက်မှုအပေါ် ဆွန်နီအုပ်စု ပြစ်တင်ဝေဖန်

**ဘဂ္ဂဒက် အောက်တိုဘာ ၂၇**

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် ဆွန်နီအုပ်စုအား ပစ်မှတ်ထားကာ အမေရိကန်တို့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ အမေရိကန်တို့နှင့် ဆက်သွယ်ဆောင်ရွက်မှုများကို လတ်တလောတွင် ရပ်ဆိုင်းထားသည်ဟုဆွန်နီအုပ်စု အကြီးအကဲတစ်ဦးက ပြောကြားသည်။

ယင်းကိစ္စရပ်နှင့် စပ်လျဉ်း၍ မိမိတို့အပေါ် တရားဝင်တောင်းပန်ခြင်းပြုမှသာလျှင် ၎င်းတို့နှင့် ပြန်လည်ဆက်သွယ်ဆောင်ရွက်မည်ဟု အီရတ်အစ္စလာမ့်ပါတီမှ ဒုတိယအကြီးအကဲ တာရစ်အယ် - ဟာရှီမီက ပြောကြားသည်။

ဖော်လူဂျာမြို့တွင် အောက်တိုဘာ ၂၄ ရက်က အမေရိကန်တို့၏ ထိုးစစ်ဆင် တိုက်ခိုက်မှုကြောင့် တစ်ဦး သေဆုံးခဲ့ပြီး ငါးဦးအဖမ်းခံခဲ့ရသည်ဟု ပါတီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်လူဂျာမြို့ရှိ ရိုက်တာသတင်းထောက်တစ်ဦးက အစ္စလာမ့်ပါတီကိုထောက်ခံသူ ရာပေါင်းများစွာတို့သည် စနေနေ့က တိုက်ခိုက်မှုကို ကန့်ကွက်ဆန္ဒပြကြသည်ဟုပြောသည်။

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်တပ်ဖွဲ့များ ပူးပေါင်းပြီး စစ်သွေးကြွဟု သံသယရှိသူတစ်ဦးကို ဖမ်းဆီးရန် ပူးပေါင်းစစ်ဆင်ခြင်းဖြစ်သည်။ ထိုစစ်ဆင်ရေးတွင် အမျိုးသား တစ်ဦးကိုဖမ်းဆီးခဲ့ကာ တစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ***အင်တာနက်။***

## အာဖဂန်အရှေ့ပိုင်း၌ အမေရိကန်တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ဒါဇင်များစွာသေဆုံး

**ကဘူး အောက်တိုဘာ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့အလယ်ပိုင်း ဂါဇနီပြည်နယ်တွင် အောက်တိုဘာ ၂၅ရက်က အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ဒါဇင်များစွာ သေဆုံးကြောင်း တနင်္ဂနွေနေ့တွင် နိုင်ငံစုံတပ်ဖွဲ့များက ပြောကြားသည်။

နိုင်ငံစုံတပ်ဖွဲ့များက ဂါဇနီပြည်နယ် ကာရာဘတ်ချ်ခရိုင်တွင် ကင်းလှည့်နေစဉ် လက်နက်ကိုင် စစ်သွေးကြွ ဒါဇင်များစွာနှင့် တိုက်ခိုက်မှုဖြစ်ပွားသည်ဟုဆိုသည်။ ***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အပျက်အစီးများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ဘဂ္ဂဒက်တွင်ဗုံးနှစ်လုံးပေါက်ကွဲ ကိုးဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၇**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် တနင်္ဂနွေနေ့က ဗုံးနှစ်လုံးပေါက်ကွဲသောကြောင့် ကိုးဦးဒဏ်ရာရရှိကြောင်း ကူဝိတ်သတင်းဌာနက ဖော်ပြသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း လမ်းဆုံတစ်ခုတွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များ ဖြတ်သွားချိန်၌ ဗုံးတစ်လုံး ပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင် လေးဦး ဒဏ်ရာရရှိသွားသည်ဟု ကူဝိတ်သတင်းဌာန ကေယူအန်အေက ဖော်ပြသည်။

အခြားဗုံးတစ်လုံးမှာ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကျန်းမာရေးဝန်ကြီးဌာနအနီးတွင် ပေါက်ကွဲရာ ဝန်ထမ်းငါးဦးဒဏ်ရာရရှိသွားသည်ဟု ကေယူအန်အေက သတင်းထုတ်ပြန်သည်။

အီရတ်နှင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များက ဘဂ္ဂဒက်တွင် လုံခြုံရေးအခြေအနေ တိုးတက်လာကြောင်း ကြေညာသွားပြီးသည့်နောက် ဗုံးများပေါက်ကွဲခြင်းဖြစ်ကြောင်း ၎င်းသတင်းဌာနက ဖော်ပြသည်။ ***အင်တာနက်။***



**အာဖဂန်နစ္စတန်နိုင်ငံနန်ဂဟာပြည်နယ်တွင် ရဲတပ်ဖွဲ့ယာဉ်တစ်စီး ဗုံးခွဲတိုက်ခိုက်ခံရ၍ ပျက်စီးနေသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## တာလီဘန်များက ရဲတပ်ဖွဲ့ယာဉ်ကိုတိုက်ခိုက် သုံးဦးသေဆုံး

**ကဘူး အောက်တိုဘာ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းပြည်နယ်တစ်ခုတွင် အာဖဂန်ရဲတပ်ဖွဲ့ မော်တော်ယာဉ်တစ်စင်းကို တာလီဘန်စစ်သွေးကြွများက တိုက်ခိုက်ရာ သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကင်းလှည့်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များ၏ မော်တော်ယာဉ်သည် ဖာရပ်-ဒီလာရန်အဝေးပြေး လမ်းမကြီးပေါ်တွင် မောင်းနှင်နေစဉ် စစ်သွေးကြွများက ချုံခိုတိုက်ခိုက်ခြင်းဖြစ်သည်ဟု ဖာရပ်ပြည်နယ် အုပ်ချုပ်ရေးမှူး အဇာဒီရိုဟူလ်အာမင်က ရုပ်/သံသတင်းထောက်တစ်ဦးအား တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ထိုတိုက်ခိုက်မှုသည် ညဘက်သန်းခေါင်အချိန်တွင် ဖြစ်သည်ဟု ဆိုသည်။

တာလီဘန် ပြောရေးဆိုခွင့်ရှိသူ ကာရီယူဆွတ် အာမက်ဒီသည်စနေနေ့က တိုက်ခိုက်မှုတွင် ဘာလာဘလော့ခရိုင် ရဲအရာရှိ အဒူလာပ်ခန်းနှင့် သက်တော်စောင့် လေးဦးသေဆုံးသည်ဟု ပြောကြားသည်။

အာဖဂန် လုံခြုံရေးတပ်ဖွဲ့က ထိုသတင်းမဟုတ်မမှန်ကြောင်း ငြင်းဆိုသည်။ ***အင်တာနက်။***

## ပါကစ္စတန်တပ်ဖွဲ့ နယ်စပ်ဒေသ၌စစ်ဆင် တာလီဘန် ၁၂ ဦးသေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၇**

ပါကစ္စတန်နိုင်ငံအတွင်း အာဖဂန်နစ္စတန်နှင့် ထိစပ်လျက်ရှိသော နယ်စပ်ဒေသ မျိုးနွယ်စုတို့ နေထိုင်ရာအရပ်တွင် ပါကစ္စတန်တပ်ဖွဲ့သည် တာလီဘန်စစ်သွေးကြွများနှင့် တိုက်ပွဲများဖြစ်ပွားရာ တာလီဘန် ၁၂ဦး သေဆုံးကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့များသည် ရဟတ်ယာဉ်များ၏ အကူအညီဖြင့် စစ်သွေးကြွများ ခိုအောင်းရာ အနောက်မြောက်ပိုင်းခရိုင် ဘာဂျ္ဇာနယ်မြေတန်ခတာဒေသကို ပစ်ခတ်တိုက်ခိုက်ရာ စစ်သွေးကြွသုံးဦး သေဆုံးကြောင်း အစိုးရ၏ ဒေသဆိုင်ရာ ကိုယ်စားလှယ်က ပြောကြားသည်။ တပ်ဖွဲ့ဝင်များသည် ချာလ်မန်းခရိုင်အတွင်း စစ်သွေးကြွများ၏ အခြေစိုက်စခန်းတစ်ခုဟု သံသယရှိသော နေရာကို တိုက်ခိုက်ရာ သုံးဦးသေဆုံးသည်ဟု ၎င်းက ပြောကြားသည်။

အခြားတိုက်ပွဲတစ်ခုမှာ ခါမြို့ရှိ လုံခြုံရေး ကင်းစခန်းတစ်ခုအား သောင်းကျန်းသူများကချုံခိုတိုက်ခိုက်ရန် ကြိုးပမ်းစဉ် လုံခြုံရေးတပ်ဖွဲ့များကပစ်ခတ်သဖြင့်တာလီဘန်ခြောက်ဦး သေဆုံးကြောင်း အမည်မဖော်လိုသူ လုံခြုံရေးအရာရှိတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသွားသောနေရာကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အီရန်တောင်ပိုင်း၌ ငလျင်လှုပ်

**တီဟီရန် အောက်တိုဘာ ၂၇**

အီရန်နိုင်ငံတောင်ပိုင်းတွင်ရစ်ချ်တာစကေး ၅ အဆင့်ရှိ ငလျင်တစ်ခုလှုပ်မှုကြောင့် ကိုးဦး ဒဏ်ရာရရှိကြောင်းအီရန်နိုင်ငံတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါငလျင်သည် ကောင့်ဆိပ်ကမ်းမြို့တွင် အောက်တိုဘာ ၂၅ရက် ညနေပိုင်းက လှုပ်ခဲ့ကြောင်း ဟိုမိုဇာဂန်ပြည်နယ် အရေးပေါ်ဌာန ညွှန်ကြားရေးမှူးက ပြောကြားသည်။ ပါရှန်ပင်လယ်ကွေ့ ကမ်းရိုးတန်းဒေသရှိ ကောင့်မြို့သည် တီဟီရန်မြို့တောင်ဘက် မိုင် ၉၃၀ခန့် အကွာ၌တည်ရှိပြီး လူဦးရေ ၁၅၀၀၀ ခန့် နေထိုင်သည်။ ***အင်တာနက်။***

## အာဖဂန်နစ္စတန်တွင် တူရကီအင်ဂျင်နီယာနှစ်ဦး ပြန်ပေးဆွဲခံရ

**အင်ကာရာ အောက်တိုဘာ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံတွင် တူရကီလူမျိုး အင်ဂျင်နီယာနှစ်ဦး ပြန်ပေးဆွဲခံရကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာ ၂၅ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါ အင်ဂျင်နီယာနှစ်ဦးသည် အာဖဂန်-ပါကစ္စတန်နယ်စပ်ရှိ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်းမှ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ပြီး ခန့်မှန်းခြေအားဖြင့် နှစ်ရက်ခန့်ကြာပြီဟု တူရကီ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဘူရက်စ်အိုဇူဂျာဂျင်က ပြောကြားသည်။

၎င်းတို့၏ယာဉ်မောင်းနှင့် စကားပြန်တို့၏သတင်းပေးမှုအရပြန်ပေးဆွဲခံရသည်ကို သိရှိခြင်းဖြစ်ပြီး ၎င်းတို့အားရှာဖွေရန်အတွက် အာဖဂန်အာဏာပိုင်များနှင့် တူရကီအာဏာပိုင်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိုဇူဂျာဂျင်က ထပ်လောင်းပြောကြားသည်။ ***အင်တာနက်။***






**အာဖဂန်တွင် အမေရိကန်တို့ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော ကလေးငယ်တစ်ဦးကို ဆေးရုံ၌တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အာဖဂန်နစ္စတန်၌ ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်

**ကဘူး အောက်တိုဘာ ၂၇**

အာဖဂန်နစ္စတန် အရှေ့မြောက်ပိုင်း တောင်တန်းထူထပ်သော ဟင်ဒူကုချ်ဒေသတွင် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၆အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒ တိုင်းတာရေးဌာနက ပြောကြားသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၈ မိနစ်က ဖြစ်ပွားပြီး ကဘူးမြို့ အရှေ့ မြောက်ဘက် ကီလိုမီတာ ၂၆၀ မြေအောက်အနက် ၂၀၈ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားကြောင်း ယင်းဌာနက ပြောကြားသည်။

ယင်းငလျင်လှုပ်မှုကြောင့် အသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုများကို တာဝန်ရှိသူများက ဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

အောက်တိုဘာ ၁၃ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိငလျင်တစ်ခုလည်း ဟင်ဒူကုချ်ဒေသတွင် လှုပ်ခဲ့ကြောင်းသိရသည်။ ***အင်တာနက်။***

# ရေနံထုတ်လုပ်မှုပမာဏ အိုပက်လျှော့ချမည်

**ဗီယင်နာ အောက်တိုဘာ ၂၆**

အီရန်နိုင်ငံ စွမ်းအင်ဝန်ကြီးက ရေနံဝယ်လိုအားများ ကျဆင်းနေ၍ ရေနံထုတ်လုပ်မှုကိုလည်း လျှော့ချသင့်ကြောင်း အောက်တိုဘာ ၂၂ ရက်တွင် အကြံပြု ပြောကြားသည်။ သို့ဖြစ်၍ အိုပက်အဖွဲ့သည် တစ်နေ့လျှင် ရေနံစည် နှစ်သန်းလျှော့ချ ထုတ်လုပ်သင့်ကြောင်းသောကြာနေ့တွင် ကျင်းပမည့် ဆွေးနွေးပွဲ၌ တင်ပြမည်ဟု ဆိုသည်။

အိုပက်အဖွဲ့အနေဖြင့် တစ်နေ့လျှင် ရေနံစည်နှစ်သန်း လျှော့ချထုတ်လုပ်ခြင်းအားဖြင့် ရေနံဈေးကွက်ကို တည်ငြိမ်မှုရရှိစေမည်ဟု စွမ်းအင်ဝန်ကြီး ဂိုလန်ဟိစိမ်းနိုကာရီက ဩစတြီးယားနိုင်ငံ မြို့တော်သို့ ရောက်ရှိလာစဉ် သတင်းထောက်များအား ပြောကြားသည်။ အင်္ဂါနေ့ကလည်း တစ်နေ့လျှင် ရေနံစည်ပေါင်း ၂ ဒသမ ၅ သန်းမှ နှစ်သန်းအထိ ထုတ်လုပ်မှုလျှော့ချရန် အီရန်တို့က ကြိုးပမ်းလျက်ရှိသည်။ ထိုသို့လျှော့ချမှုသည် ဝယ်လိုအားကျဆင်းနေသော အခြေအနေကြောင့် သင့်တော်သော လုပ်ရပ်ဖြစ်သည်ဟု ၎င်းကဆိုသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ရေနံဈေးလည်း ကျဆင်းသွားရသည်။ သို့ဖြစ်၍ ရေနံထုတ်လုပ်မှုလည်း လျှော့ချသင့်ကြောင်း အိုပက်အဖွဲ့ဝင် နိုင်ငံများက တောင်းဆိုထားသည်။ အိုပက်အဖွဲ့အနေဖြင့် တစ်နေ့လျှင် ရေနံစည် တစ်သန်းထက်မနည်း လျှော့ချ ထုတ်လုပ်ရန် ဆုံးဖြတ်ချက်ကို သောကြာနေ့ ကျင်းပမည့် အထူးအစည်းအဝေးတွင် ဆုံးဖြတ်ဖွယ်ရှိသည်ဟု လေ့လာသူများက သုံးသပ်ကြသည်။ကမ္ဘာတစ်ဝန်း ရေနံထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကို အိုပက်က ထုတ်လုပ်ပြီး အိုပက်အဖွဲ့၏ နေ့စဉ် ရေနံ ထုတ်လုပ်မှုမှာ ရေနံစည်ပေါင်း ၂၈ ဒသမ ၈ သန်းရှိသည်။

***အင်တာနက်။***



တာလီဘန်တို့အား ချေမှုန်းရန် ပါကစ္စတန်အစိုးရတပ်နှင့် လက်တွဲသည့် မျိုးနွယ်စု လက်နက်ကိုင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

## အမေရိကန်ကလေးများတွင် ဓာတ်မတည့်သောရောဂါ ဖြစ်ပွားမှုတိုးပွားနေ

**ဝါရှင်တန် အောက်တိုဘာ ၂၆**

အမေရိကန်ပြည်ထောင်စုရှိကလေးသုံးသန်းခန့်သည် အစားအသောက်များကြောင့် သို့မဟုတ် အစာအိမ်လမ်းကြောင်းတွင် ဓာတ်မတည့်ခြင်း တစ်မျိုးမျိုး ဖြစ်ပေါ်ခံစားရလျက်ရှိသည်။ ယခုအခါ ထိုရောဂါဖြစ်ပွားမှုသည် လွန်ခဲ့သော ၁၀ နှစ်ကျော်ကထက် ၁၈ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက အောက်တိုဘာ ၂၂ရက်တွင် ပြောကြားသည်။ နို့၊ ဥ၊ မြေပဲ၊ သစ်စေ့၊ ငါး၊ ခရု၊ ပဲပိစပ်၊ ဂျုံစသည့် အစားအစာ ရှစ်မျိုးကြောင့် ဓာတ်မတည့်မှုမှာ ၉၀ ရာခိုင်နှုန်း ဖြစ်ပွားကြောင်း အထက်ပါဌာနမှကောက်ယူရရှိသောကျန်းမာရေး စစ်တမ်းတွင် ဖော်ပြထားသည်။

ကလေးများသည်အထက်ပါအစားအစာတစ်မျိုးမျိုး စားသုံးပြီးနောက် ပါးစပ်နှင့်နှုတ်ခမ်းများ ယားယံခြင်း ဝေဒနာကိုခံစားရသည်။ တစ်ခါတစ်ရံတွင် ရောဂါဆိုးရွားလှသဖြင့် အသက်ပါ ဆုံးရှုံးရသည်အထိ ဖြစ်ရသည်။

ဓာတ်မတည့်သော အစာများသည် အခြားကလေးများထက် ပန်းနာရင်ကျပ်ရောဂါနှင့်အခြားဓာတ်မတည့်မှုများ ပိုမိုဖြစ်ပွားရန် အခြားကလေးများထက် အလားအလာ လေးဆမျှ ပိုမိုများပြားနိုင်သည်။

***အင်တာနက်။***




ဆိုမာလီရေပြင်တွင် ကင်းလှည့်နေသော ပြင်သစ်ရေတပ် သင်္ဘောတစ်စင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ပြင်သစ်ရေတပ်က ဖမ်းမိထားသော ပင်လယ်ဓားပြများကို ဆိုမာလီအာဏာပိုင်များထံ လွှဲအပ်

**ဘိုစာဆို(ဆိုမာလီ) အောက်တိုဘာ ၂၆**

မသင်္ကာဖွယ်ရာ ပင်လယ်ဓားပြများအဖြစ် ဖမ်းဆီးရမိထားသူ ကိုးဦးကို ပြင်သစ်ရေတပ်ဖွဲ့က ဆိုမာလီအာဏာပိုင်များလက်သို့ အောက်တိုဘာ ၂၃ရက်တွင်လွှဲပြောင်းပေးသည်။

၎င်းတို့ ကိုးဦးအား ပင်လယ်တွင်း၌ ဖမ်းဆီးရမိပြီး ၎င်းတို့ စီးနင်းလာသည့် မော်တော်များကိုလည်း ဖျက်ဆီးလိုက်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ဆိုမာလီနိုင်ငံ ပန့်လင်းပြည်နယ် မြောက်ပိုင်းရှိ ဘိုစာဆိုဆိပ်ကမ်းတွင် ပြင်သစ်ရေတပ်က ဖမ်းမိထားသူများအား လွှဲပြောင်းပေးခြင်းဖြစ်သည်။

**ဖမ်းမိ**

ပင်လယ်ဓားပြများကို လက်နက်တပ်ဆင်ထားသော အမြန်ရေယာဉ်ငယ်များနှင့်အတူ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ပန့်လင်းဒေသ ငါးလုပ်ငန်း လက်ထောက်ဝန်ကြီး အဗ္ဗဒူလ်ကာဒီရာမူဆာယူဆွတ်က ပြောကြားသည်။ ကမ္ဘာ့ကုန်သွယ် ရေကြောင်း သင်္ဘောများ အသွားအလာများပြားသော ဆိုမာလီ ကမ်းလွန်ရေပြင်၌ ၂၀၀၈ ခုနှစ်တွင် ပင်လယ်ဓားပြမှုများ အဖြစ်များလျက်ရှိသည်။

သို့ဖြစ်၍ သင်္ဘောအာမခံကြေးများလည်း မြင့်တက်လာသည့်အပြင် ကုလသမဂ္ဂရိက္ခာ အကူအညီပေးရေး သင်္ဘောများ၏ လုံခြုံရေးကိုပါ ထိခိုက်လာရသည်။ ဤသို့သော အခြေအနေကြောင့် ဆိုမာလီဒေသတွင် ပင်လယ်ဓားပြရန်မှ ကာကွယ်ရန် တောင်းဆိုမှုများ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း လက်တွေ့တွင် ပြင်သစ်ရေတပ်ဖွဲ့သာလျှင် နှိမ်နင်းမှုများ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း သတင်းများက ဖော်ပြသည်။

***အမ်အင်အေ၊ရိုက်တာ။***



**တရုတ်နိုင်ငံ ရှန်စီပြည်နယ် မြောက်ဘက် တိုင်ယမ် ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ ရှီကျန်-၆ သုတေသန ဂြိုဟ်တုကို အောက်တိုဘာ ၂၅ရက်က လွှတ်တင်စဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# နယ်သာလန်မြို့များ၌ ဆေးခြောက်ရောင်းချမှု ပိတ်ပင်ရန် စီစဉ်ဆောင်ရွက်

**ဘရပ်ဆဲ အောက်တိုဘာ ၂၆**

နယ်သာလန်နိုင်ငံတောင်ပိုင်း မြို့ကြီးနှစ်မြို့၌ ကော်ဖီဆိုင်ဟု အမည်တပ်ထားသော်လည်း လက်တွေ့တွင် ဆေးခြောက်များရောင်းချနေသော ဆိုင်အများအပြားရှိသည်။ ထိုဆိုင်များကို ယခုအခါ ပိတ်တော့မည်ဖြစ်ကြောင်း နယ်သာလန်ရေဒီယိုက အောက်တိုဘာ ၂၃ ရက်တွင် ကြေညာသွားသည်။

နယ်သာလန်နိုင်ငံသည် အပျော်စားမူးယစ်ဆေးဝါးဟု ယူဆထားသော ဆေးခြောက်ရောင်းချခြင်းကို ခွင့်ပြုထားသည်။ ထို့ကြောင့် နှစ်စဉ် မူးယစ်ဆေးဝါး သုံးစွဲလိုသော ကမ္ဘာလှည့်ခရီးသွားအများအပြားသည် နယ်သာလန်သို့ လာရောက်လည်ပတ်ကြသည်။ သို့သော် ဘာဂင်အောပ်ဇွမ်မြို့နှင့် ရောဆင်ဒယ်လ်မြို့များသည် ယခုအခါ မူးယစ်ဆေးဝါး အပျော်စားရောင်းချပေးသော လုပ်ငန်းအားလုံးကို စွန့်လွှတ်တော့မည်ဖြစ်သည်။ ဆေးခြောက် အပါအဝင် မူးယစ်ဆေးဝါး အပျော်စားရောင်းချခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် သောက်သုံးခြင်းကို နယ်သာလန်တွင် ဥပဒေအရ တရားဝင်ခွင့်ပြုပေးထားသည်။ ရောင်းခြင်း၊ ဝယ်ခြင်းနှင့် သောက်သုံးခြင်းကိစ္စ အားလုံးကို ကော်ဖီဆိုင်ဟုခေါ်သော ဆိုင်များတွင် ပြုလုပ်နိုင်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# အမေရိကန်နှင့်ကုလသမဂ္ဂ အာဖဂန်ဘိန်းထွက်ရှိမှု ခန့်မှန်းချက် ကွဲပြားနေ

**ဝါရှင်တန် အောက်တိုဘာ ၂၆**

အမေရိကန်နှင့် ကုလသမဂ္ဂကျွမ်းကျင်သူများသည် အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၈ ခုနှစ် ဘိန်းကုန်သွယ်ရေးအတွက် ဘိန်းစိုက်ခင်းဧက အနည်းငယ်မှသာ စုဆောင်းရမည့်အချက်ကို သဘောတူညီကြသည်။ သို့သော် ဘိန်းထွက်ရှိမှုကို ခန့်မှန်းရာ၌ကား အကြီးအကျယ် ကွဲပြားခြားနားလျက်ရှိသည်။

အေပီသတင်းဌာနမှ ကြိုတင်ရရှိသော အစီရင်ခံစာတွင် အမေရိကန်သမ္မတဘုရှ်အစိုးရက ဘိန်းဖြူထွက်ရှိမှုသည် ၃၁ ရာခိုင်နှုန်း ၂၀၀၇ ခုနှစ်တွင် ၈၈၀၀ တန်မှ ၂၀၀၈ ခုနှစ်တွင် ၆၁၀၀ တန်ဖိုးကျဆင်းမည်ဟု ကြေညာသည်။ ယင်းသည် လွန်ခဲ့သည့် ဩဂုတ်လက ကုလသမဂ္ဂက ကြိုတင်ခန့်မှန်းသော ထုတ်လုပ်မှုကျဆင်းခြင်းထက် ငါးဆကျော်ရှိနေသည်။

အမေရိကန် အိမ်ဖြူတော်၏ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒရုံးက ၎င်းတို့၏ခန့်မှန်းချက်သည် တိကျသည်ဟု စွဲကိုင်ထားသည်။ ညွှန်ကြားရေးမှူးချုပ် ဂျွန်ဝေါလ်တာက ကုလသမဂ္ဂအစီရင်ခံစာ၏ ထုတ်လုပ်မှုခန့်မှန်းရာ၌ ၎င်းနှင့်ဆက်စပ်လျက်ရှိသော ဘိန်းခင်းများကို စစ်တမ်းကောက်ယူခြင်း၊ လက်ကျန်များတွက်ချက်ခြင်းနှင့် ရာသီဥတုမကောင်းမှု၏ အကျိုးဆက်များမှ တွက်ယူသော နည်းလမ်းများ၏ မမှန်ကန်မှုများ ဖြစ်နိုင်သည်ဟု ပြောကြားသည်။ကုလသမဂ္ဂအစီရင်ခံစာကိုပြုစုသော ဗီယင်နာ အခြေစိုက် မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးမှ ချက်ချင်း သဘောထား မှတ်ချက်ပေးခြင်းမပြုပေ။ သို့သော် နယူးယောက်ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ၎င်းတို့၏ ခန့်မှန်းခြေကို ခုခံကာကွယ်ပြောကြားခဲ့သည်။ ဩဂုတ်လ ၂၆ရက်ကထုတ်ပြန်သော ကုလသမဂ္ဂအစီရင်ခံစာတွင် ဘိန်းစိုက်ပျိုးမှု ၁၉ ရာခိုင်နှုန်း လျော့ကျသွားသော်လည်း ဘိန်းထွက်ရှိမှုမှာ ၆ ရာခိုင်နှုန်းသာ ကျဆင်းမည်ဆို၏။ အကြောင်းမှာ စိုက်ပျိုးဆဲဘိန်းခင်းများ၏ တိုးတက်လာမည့် ဘိန်းအထွက်ပါ တွက်ချက်ထားခြင်းဖြစ်သည်ဟု ပြောကြားသည်။

***အင်တာနက်။***

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးနှင့် ရုပ်သေး (အမြင့်သဘင်)

မင်းသန်းဝင်း (ဟင်္သာတ)

မြန်မာ့ဇာတ်သဘင်တွင် ရှေးအကျဆုံး၊ အသိမ်မွေ့ဆုံး၊ အခက်အခဲဆုံးနှင့်စိတ်ဝင်စားစရာ အကောင်းဆုံးကိုပြပါဆိုလျှင် မြန်မာ့အနုပညာစစ်စစ် တန်ဖိုးကြီးမားလှသော အမြင့်သဘင် သို့မဟုတ် မြန်မာ့ရုပ်သေးသဘင်ကို ပြကြရမည်ဖြစ်ပေသည်။

သက္ကရာဇ် ၈၄၆ခုနှစ် အင်းဝစာဆို ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးတွင် **“သစ်ခွကြားဝယ်၊ အလျားအခွေ၊ အထွေထွေဖြင့်၊ အတွေအခဲ၊ တွဲရရွဲလျှင်၊ ကြိုးဆွဲငင်ချ၊ အရုပ်ကသို့”**ဟူ၍ ကြိုးဖြင့်ဆွဲ၍ ကရသော အရုပ်ကလေးများ၏ ကဟန်ကို တင်စားရေးဖွဲ့ဖော်ကျူးခဲ့သဖြင့် အင်းဝခေတ်ကတည်းကပင် ရုပ်သေးပညာရပ်များ ထွန်းကားပေါ်ပေါက်ခဲ့ကြောင်း ခိုင်လုံသည့် အထောက်အထားတစ်ခုဖြစ်လာ၏။ ရုပ်သေးပညာကို ၁၁၃၈ ခုနှစ်တွင် နန်းတက်သော စဉ့်ကူးမင်းလက်ထက် သဘင်ဝန် ဦးသော်က စတင်တီထွင်ခဲ့ကြောင်း အဆိုအမိန့်ထက် ရှေးကျလိမ့်မည်ဟု ဆိုနိုင်ပါသည်။

ရုပ်သေးပညာတွင် အခက်အခဲဆုံးမှာ ကြိုးဆွဲပညာပင်။ ဆို၊ ငို၊ ပြောပညာရှင်တို့၏ ဆိုပုံ၊ ငိုပုံ၊ ပြောပုံ ဟန်နေဟန်ထား၊ လေယူလေသိမ်းကိုလိုက်၍ သစ်သားရုပ်ကလေးများအား ကြိုးတပ်ကာ လူတို့၏ ဟန်အမူအရာနှင့် တစ်ထပ်တည်းသဏ္ဍာန်တူစေရန် သဘာဝကျစွာကြိုးဆွဲရသည်မှာ မလွယ်ကူလှပေ။ ရှေးအခါက အပျိုတော်ရုပ်တွင် ကြိုးပေါင်း ၆၀ အထိရှိခဲ့သည်။ မျက်ခုံးကြိုး၊ မျက်လုံးကြိုးကဲ့သို့သော အသေးစိတ်ကြိုးများအထိ ပါဝင်လေသည်။

ပိုး၊ မွေး၊ ခေါ်၊ မြှော်၊ အောင်၊ ဇော်၊ လု၊ ဘ၊ ရှူး၊ အ၊ သေ၊ ပစ်၊ မင်းသမီးကောင်း အင်္ဂါ (၁၂)ရုပ်ရှိရာ ရုပ်သေးအကတွင်ဇော်ပြော၊ ဇော်က-ကတတ်ရမည်ဟုဆိုပါသည်။ မင်းသား၊ မင်းသမီးများပင် အရုပ်ကလေးများ ကဟန်ကို မှီငြမ်းပြု၍ ကြိုးက ကကြရပေသည်။ ထိုမှစကာ ကြိုးကဟူ၍ တစ်မျိုးတစ်ဘာသာ ခေတ်စားခဲ့ပါသည်။

ရှေးရုပ်စုံသဘင်တွင် အထင်ရှားဆုံး ရုပ်သေးမင်းသမီးကြီးများမှာ ဆရာပုနှင့် ဆရာဦးဖူးညိုတို့ဖြစ်သည်။ ခေတ်ပြိုင်ပညာရှင်များအဖြစ် သီပေါမင်းလက်ထက် အသံချိုလှသူအဖြစ် (နေမျိုးသီရိ မဒ္ဒသဒ္ဒ ရွှေတောင်)ဘွဲ့ကို ချီးမြှင့်ခံခဲ့ကြရသည်။ သမုန်တိုင်း ၁၂ ရွာကို ပေးသနားခြင်း ခံခဲ့ရသည်။

ရှေးအခါက လူမင်းသား၊ မင်းသမီးများ တွဲဖက်ကပြသည်ကို မျက်စိရှက်ကာ မကြည့်လိုကြသည့်အတွက် ဇာတ်သဘင် ဇာတ်ပွဲများကို ရုပ်သေးလောက် အားမပေးဟု သိခဲ့ရ၏။ အမြင့်သဘင်တွင် ထင်ရှားသည့် ဦးဖူးညို၏ အပြောအဆိုများမှာ အတုယူစံထားစရာများ ဖြစ်ခဲ့သောကြောင့် ဇနီး၊ သား၊ မယား၊ သမီး၊ သားတို့ လိမ္မာရေးခြားတတ်သိစေရန်အတွက် ဦးဖူးညို ရုပ်သေးကိုပင် တကူးတက ကြည့်ခိုင်းရသည်ဟူ၏။

ရုပ်သေးစင်တွင် ကြိုးဆွဲအကောင်းဆုံးပုဂ္ဂိုလ်က မင်းသမီးရုပ်ကို ဆွဲရသည့်နည်းတူ ဇော်ရုပ်ကိုလည်း ဆွဲရပြန်သည်။ ဇော်ရုပ်မှာ ကြိုးနည်းသော်လည်း ဟန်ပန်များသဖြင့် အဆွဲရခက်လှသည်။ ဇော်ရုပ်ကို ပညာသားပါပါ ပိုင်နိုင်စွာ ဆွဲတတ်၊ ကတတ်လျှင် ကြိုးဆွဲလူတော် လူမော်(ဇော်ဆွဲ)သူအဖြစ် ထင်ရှားကျော်ကြားလာပါတော့သည်။ ထိုသူကို အများထဲက (ဇော်)အဖြစ်သတ်မှတ်လိုက်၏။

ယောကျ်ားရုပ်သေးမင်းသမီးများအပြင် မိန်းမရုပ်သေးမင်းသမီးများလည်း စင်ပေါ်ရောက်ခဲ့ပါသည်။ ပုဏ္ဏားပျံကျော်အေး၏ ဇနီး(မငြိမ်းမယ်)က ပထမဦးစွာ စင်ပေါ်တက်၍ ရုပ်သေးမင်းသမီးဖြစ်လာခဲ့ကြောင်း သိမှတ်လိုက်ရသည်။ ထိုမှတစ်စတစ်စ ရုပ်သေးစင်ပေါ်သို့ မိန်းမမင်းသမီးများနေရာယူလာကြသည်။ ရုပ်သေးတွင် အမျိုးသမီးများနှင့် ကပြခဲ့ကြသော ရုပ်သေးများမှာ ပုဏ္ဏားပျံကျော်အေး၊ ညောင်တုန်း ဦးဘကျော်၊ ဦးကောက်ရ၊ မန္တလေးဆရာသျှန်တို့ ဖြစ်ပါသည်။

မြန်မာတို့၏ ရှေးအကျဆုံး မြန်မာ့အနုပညာစစ် မြန်မာ့အမွေအနှစ် ရုပ်သေးသဘင်ကို ထိန်းသိမ်းစောင့်ရှောက်မှုများကား များစွာလိုအပ်လှပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည် ခိုင်ခိုင်မြဲမြဲ ကမ္ဘာတည်သရွေ့ အရှည်ရပ်တည်နိုင်ရေး ဦးတည်ကာ မြန်မာတို့၏ အမျိုးသားရေးစရိုက် လက္ခဏာများ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ လူတန်ဖိုးများ ထိန်းသိမ်းမြှင့်တင်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေး ကြိုးပမ်းနေချိန်ဝယ် အစွမ်းထက်မြက်သော အမျိုးသားရေးစွမ်းပကားများ တိုးတက်ခိုင်မာလာစေရန် ရည်ရွယ်ပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ကျင်းပပေးနေခဲ့သည်မှာလည်း (၁၆)ကြိမ်တိုင်ခဲ့ပေပြီ။

အဆိုပါ ပြိုင်ပွဲကြီးများ၏ ကောင်းကျိုးရလဒ်ကြောင့် အမျိုးသားရေးအနှစ်သာရများဖြစ်သော အဆိုပညာ၊ အကပညာ၊ အရေးပညာ၊ အတီးပညာများအပြင် အငြိမ့်သဘင်၊ ဇာတ်သဘင်၊ ရုပ်သေး(အမြင့်သဘင်)ပညာရပ်များ မျိုးဆက်သစ်လူငယ်များတွင်းသို့ တစိမ့်စိမ့် စီးဝင်ပျံ့နှံ့နေပြီ ဖြစ်ပါသည်။ ရုပ်သေးပညာရှင်များအနေဖြင့်လည်း မိမိတို့၏ ချိတ်ဆွဲထားသော အရုပ်ကလေးများ ရှင်သန်နိုးထလာရုံသာမက မိမိတို့၏ ကြိုးဆွဲပညာ၊ ဆို၊ ငို၊ ပြောပညာရပ်တို့ကိုပါ တိုင်းသိ ပြည်သိ တင်ပြနိုင်ခွင့်ရလာပြီဖြစ်သည်။

ရုပ်သေးဇာတ်တော်ကြီး ကပြရာတွင် ကြိုးဆွဲပညာရှင်တို့၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးလှပါသည်။ သဏ္ဍာန်လုပ် သရုပ်တူရန်မှာ မလွယ်ပါ။ (၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရုပ်သေး ဇာတ်တော်ကြီးတွင် မဟာဒုက်ဇာတ်တော်ကို ကပြစေခဲ့သည်။ သူဆင်းရဲမဟာဒုက်တစ်ယောက် သူဌေးအိမ်တွင် သီချင်းတအေးအေး တေးတကျော်ကျော်ဆို၍ ထင်းပေါက်နေသည့်အခန်းမှာ ရှုကြည့်စဖွယ် သဘာဝကျလှသည့် အခန်းလေးဖြစ်သည်။ ကြိုးဆွဲပညာရှင်တို့၏ အစွမ်းမှာ ပုဆိန်ဖြင့်လွှဲ၍ ထင်းများခွဲပြသည့် အခန်းပင်။ မဟာဒုက်၏ဇနီး ဒလိဒ္ဒကလည်း သီချင်းကလေးဆိုကာ မောင်းထောင်း၊ ဆန်ဖွပ်ပြသည့်အခန်းမှာ တစ်မျိုးစိတ်ဝင်စားစရာပါ။ အရုပ်ပင်ဖြစ်လင့်ကစား ခြေထောက်တစ်ဖက်မြင့်မောင်းထောင်းပြခဲ့သည်မှာ စည်းချက်ဝါးချက်ကျကျ ကြိုးပညာရှင်တို့၏ အံ့မခန်းအစွမ်းကို တွေ့ခဲ့ရသည်။ တိုင်းနှင့်ပြည်နယ်အသီးသီးမှ တင်ပြခဲ့သော ဇာတ်တော်ကြီး (ရုပ်သေး)သဘင်အားလုံးလိုလိုကပင် တင်ဆက်ကပြမှုများမှာ ရှေးမူမပျက် ခေတ်မီတိုးတက်သော စွမ်းပကားများဖြင့် ဝေဆာမြိုင်ဆိုင် ခမ်းနားဆန်းပြားစွာ တွေ့မြင်ခဲ့ရသည်မှာ အမှန်ပင်ဖြစ်သည်။




**ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ရုပ်သေးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဦးအောင်မျိုးသူက သူငယ်တော်ရုပ်နှင့် မင်းသမီးရုပ်တို့ကို ရုပ်သေးကြိုးဆွဲဖြင့် ပါဝင်ယှဉ်ပြိုင်စဉ်။**

ယခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင်လည်း မဟာဗုဒ္ဓဝင်တောထွက်ခန်းကို ရုပ်သေးဇာတ်တော်ကြီးအတွက် တင်ဆက်ကပြ ပြိုင်ပွဲဝင်ခဲ့ကြရာ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ရုပ်စုံပညာရှင်များ၊ ဆို၊ ငို၊ ပြောပညာရှင်များ၏ သူ့ထက်ငါကောင်း ပြိုင်ဆိုင်ဝေဆာခမ်းနားစွာ တင်ဆက်ကပြမှုများကို ကျေနပ်အားရစွာ ကြည့်ရှုခံစားခဲ့ရပါသည်။ ။

## မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီး ဆရာဝန်များအဖွဲ့သည်ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ယမန်နေ့ နံနက်ပိုင်းတွင် တွံတေးမြို့နယ် ဘုရားကြီး စံပြကျေးရွာသို့ သွားရောက်ခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ နာယက ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်မာအေး၊ သမားတော်ကြီး ဒေါက်တာ ဒေါ်စန်းမြ၊ အထွေထွေရောဂါကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြတ်လေးကျင်၊ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြစန္ဒာခိုင်၊ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်တင်တင်လင်း၊ အကြောအဆစ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သန်းသန်းဌေးနှင့် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ၊သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာဒေါ်ဆန်းဆန်းဝင်းနှင့် အထူးကုဆရာဝန်ကြီးများ ပါဝင်ကြသည်။



**မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီး ဆရာဝန်များအဖွဲ့ တွံတေးမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများအားအခမဲ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**
(မြို့တော်စည်ပင်)

အဆိုပါ အမျိုးသမီးဆရာဝန်များအဖွဲ့သည် တွံတေးမြို့နယ်ဘုရားကြီး စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ကံဘဲ့၊ စမ်းရွာ၊ ပေါက်တော၊ လာကပုံ၊ ကျိုက်သလဲ၊ ဇီးကုန်း၊ ပိန္နဲကုန်း၊ ဇရပ်ကုန်း၊ ကံညီနောင်၊ (၁၀၂)ကွင်း၊ အရိုးတောင်အုပ်စု၊ မျောက်သံကြီးနှင့် ရေကျော်စုကျေးရွာတို့မှ ကလေးဝေဒနာရှင် ၇၂ ဦး၊ အထွေထွေရောဂါဝေဒနာရှင် ၁၇၆ ဦး၊အရေပြားဝေဒနာရှင် ၄၀၊ မျက်စိဝေဒနာရှင် ၂၈၁ဦး၊ အကြောအဆစ်ဝေဒနာရှင် ၁၀၅ဦး၊ သားဖွားနှင့်မီးယပ်ဝေဒနာရှင် ၂၆ဦး၊ သွားဝေဒနာရှင် ၇၃ ဦး စုစုပေါင်းရောဂါဝေဒနာရှင် ၇၇၃ ဦးတို့အား အခမဲ့စမ်းသပ်ကုသပေးခြင်း၊ လိုအပ်သောဆေးဝါးများကို လှူဒါန်းခြင်းများ ဆောင်ရွက်ကြပြီး ခရိုင်နှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၈-၁၀-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေး တေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၁၅ | ၄။ | ချိုမြလက်သံ ငြိမ့်ညောင်းဟန် |
| ၄း၂၅ | ၅။ | အလွမ်းတေးပန်းခို ချစ်သူဆီ |
| ၄း၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၅း၀၀ | ၇။ | မျိုးချစ်တပ်မတော် |
| ၅း၂၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၃၀ | ၉။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၅၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ | အမျိုးသားရေးတေးကဗျာ |
| ၆း၄၅ | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း (အပိုင်း-၆)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေး တေးကဗျာ |
| | ၁၉။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ |
| | ၂၀။ | မွေးမြူသုတ |
| | ၂၁။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၂။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငါးကလေး(အပိုင်း-၁)** |
| | ၂၄။ | သင့်အတွက်မနက်ဖြန် |
| | ၂၅။ | အပိတ်နှုတ်ဆက်စကား |
| | ၂၆။ | ပြီးပါပြီ။ |

# ပျဉ်းမနား-ပင်လောင်းလမ်း တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ခေါင်တိုင်လမ်းခွဲ တောင်လေးလုံးကျေးရွာအုပ်စုရှိ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေး ကြံသီးနှံလုပ်ငန်းဌာန အမှတ်(၁၅) သကြားစက် (ရွှေညောင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ခေါင်တိုင်လမ်းခွဲ တောင်လေးလုံးကျေးရွာ အုပ်စုရှိ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း-ကြံသီးနှံလုပ်ငန်းဌာန အမှတ်(၁၅)သကြားစက် (ရွှေညောင်)အတွင်း ကြည့်ရှုစစ်ဆေးပြီး လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ခင်းများ၊ ပန်းနှမ်းနှင့် ဆီမုန်လာ၊ ဆီမုန်ညင်းစိုက်ခင်းများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကာ လိန်းလီတံတား ချဉ်းကပ်လမ်း မြေသားလုပ်ငန်းပြီးစီးမှုကို စစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်အား လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပျဉ်းမနား-ပင်လောင်းလမ်း တိုးချဲ့ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးသိန်းဇော်က ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင်(၂၄/၆)မှ မိုင်တိုင် (၇၀/၂)အထိ ၄၅ မိုင် လေးဖာလုံ နှစ်အလိုက် လမ်းတိုးတက်ပြုပြင်ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မင်းအောင်လှိုင်က လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

## ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်က အပန်းဖြေခရီးစဉ်များ ရှင်းလင်းတင်ပြသည့် မိတ်ဆုံစားပွဲ ကျင်းပ






**၂၀၀၈ ခုနှစ် မဟာသင်္ကြန်ကာလ အားလပ်ရက်များတွင် အပန်းဖြေခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသော အရောင်းကိုယ်စားလှယ်များအား ထပ်မံဂုဏ်ပြုခြင်းအခမ်းအနားနှင့် ၂၀၀၉ ခုနှစ်အတွက် ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်၏ အပန်းဖြေခရီးစဉ်များ ရှင်းလင်းတင်ပြပွဲတွင် ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဘဂျမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (သတင်းစဉ်)

**ရန်ကုန် အောက်တိုဘာ ၂၇**

UAE နိုင်ငံမှ ထုတ်လုပ်ပြီး Golden Power စက်သုံးဆီနှင့် RBI ရော်ဘာပစ္စည်းများ တစ်ဦးတည်း ကိုယ်စားလှယ် ဘဂျမ်းနှင့် ညီအစ်ကိုများ ကုမ္ပဏီလီမိတက်၏ ဖိတ်ခေါ်မှုအရ ၂၀၀၈ ခုနှစ် မဟာသင်္ကြန်ကာလ အားလပ်ရက်များတွင် ထိုင်းနိုင်ငံ ဗန်ကောက်အပန်းဖြေခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသော အရောင်းကိုယ်စားလှယ်များအား ထပ်မံဂုဏ်ပြုခြင်း အခမ်းအနားနှင့် ၂၀၀၉ ခုနှစ်အတွက် ဘဂျမ်းနှင့် ညီအစ်ကိုများ ကုမ္ပဏီလီမိတက်က စီစဉ်ထားရှိသော အပန်းဖြေခရီးစဉ်များ ရှင်းလင်းတင်ပြသည့် မိတ်ဆုံစားပွဲတို့ကို အောက်တိုဘာ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဘဂျမ်းက ကြိုဆိုနှုတ်ခွန်းဆက် ဂုဏ်ပြုစကားပြောကြားပြီး ဒါရိုက်တာ မအေးမြရတနာက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးဘဂျမ်းက ရောင်းအားမြင့် အရောင်းကိုယ်စားလှယ် ၃၅ ဦးတို့အား ၂၀၀၈ခုနှစ် မဟာသင်္ကြန်ကာလ အားလပ်ရက်များတွင် ထိုင်းနိုင်ငံ ဗန်ကောက် အပန်းဖြေခရီးစဉ်အဖြစ် မိမိတို့ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်ပေးသကဲ့သို့ လာမည့် ၂၀၀၉ ခုနှစ် မဟာသင်္ကြန်ကာလ အားလပ်ရက်များတွင်လည်း ရောင်းအားမြင့် အရောင်းကိုယ်စားလှယ် ၅၀ တို့အား မိမိတို့ကုမ္ပဏီလီမိတက်က ဖိတ်ခေါ်၍ ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ အပန်းဖြေခရီးစဉ်အဖြစ် စေလွှတ်ရန် စီစဉ်ထားရှိပါကြောင်းကို ရှင်းလင်း ပြောကြားသည်။

ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်က Golden Power စက်သုံးဆီနှင့် RBI ရော်ဘာပစ္စည်းများကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချ ပေးလျက်ရှိသကဲ့သို့ တိုယိုတာ၊ မစ်ဆူဘစ်ရှီ၊ ဟွန်ဒါ၊ အီဆူဇူ၊ နစ်ဆန်းနှင့် မာစတာမော်တော်ယာဉ်တို့၏ မူရင်းအပိုပစ္စည်းများကိုလည်း ဖြန့်ဖြူးရောင်းချပေးသွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါမော်တော်ယာဉ်တို့၏ မူရင်းအပိုပစ္စည်းများကို ဒီဇင်ဘာ ၁ ရက်မှစတင်၍ အမှတ်(၁၉၈) မြေညီထပ် ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၌ ရောင်းချသွားမည်ဖြစ်ပြီး Show Room ကို အခန်း (၁) ရုံးအမှတ်(၃၅) ဘုရင့်နောင်ဈေး မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၈၀၅၉၇ ၌ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)




အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း သဃ်န်းကျွန်းမြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂၅ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလေးသွယ်က စတုတ္ထတန်း ပညာရည်ချွန်ဆုရရှိသူ မဝေမာသူအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

## စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၀၈) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၃ရက် နံနက် ၉ နာရီတွင် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်စန်းစန်းရီက အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ဝဲပုံ)** ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် စာကြည့်တိုက်မိတ်ဆက် အမှာစကား ပြောကြားကာ မြို့နယ်ဦးစီးမှူးများဖြစ်ကြသော ဒေါ်မာမာဦး (သာကေတ)၊ ဒေါ်တင်တင်ဦး (ပုဇွန်တောင်)၊ ဒေါ်စန်းစန်းကျော် (မင်္ဂလာတောင်ညွန့်)၊ ဒေါ်အုန်းညွန့်(ဒေါပုံ) တို့က စာကြည့်တိုက်ပညာရပ်များကို ပို့ချသည်။




သင်တန်းသို့ သာကေတမြို့နယ် အတွင်းရှိ ရပ်ကွက်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ (မြို့နယ်ပြန်/ဆက်)

## မော်လမြိုင် G.T.I / G.T.C ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

မော်လမြိုင်G.T.I / G.T.C ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့)တွင် မော်လမြိုင်ဓမ္မာရုံ (ရွှေတိဂုံအနောက်ဘက်မုခ်)၌ကျင်းပရန် စီစဉ်ထားပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ကိုကျော်ကျော်ဦး ဖုန်း-၀၁-၇၁၀၁၉၆၊ ကိုမောင်မောင်ဖုန်း-၀၉-၅၁၈၉၈၃၀၊ ကိုရွှေဝင်း ဖုန်း-၀၉-၅၁၆ ၉၆၂၃၊ ကိုစိုးမြင့်သိန်း ဖုန်း-၀၅၆-၂၁၄၄၃၊ ကိုဝင်းထွန်းအောင် ဖုန်း-၀၉-၅၁၁၆၀၅၆၊ ကိုခင်မောင်ကြည် ဖုန်း-၀၉-၅၁၄၁၄၅၈၊ ကိုသူရ ဖုန်း-၀၉-၅၁၇၇၂၆၄၊ ကိုရဲမင်းသန်း ဖုန်း-၀၉-၅၁၀-၂၂၈၄၊ ကိုသက်လွင်ဦး ဖုန်း-၀၉-၅၁၆၇၈၅၂၊ ကိုအေးနိုင် ဖုန်း-၀၉-၅၁၇ ၈၁၃၂၊ ကိုကျင်ဟုတ် ဖုန်း-၀၉-၉၀၃၂၀၃၂၊ မဇင်မာ ဖုန်း-၀၉-၅၀၁၅၄၃၇၊ ကိုထွန်းနိုင်ဦး ဖုန်း-၀၁-၇၀၄၁၆၉၊ မသင်းသင်းအောင် ဖုန်း-၀၉-၅၁၅၄၃၄၁ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရှိရသည်။ (ကြေးမုံ)



**ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက်(၇၅)နှစ်ပြည့်ပြီးသူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှစ်ဦးနှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေထောက်ပံ့ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က မြို့နယ်အဖွဲ့ရုံးခန်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သန်း (အငြိမ်းစား)က အသက် (၇၅) နှစ်ပြည့်ပြီးသူ တစ်ဦးအား ဆုကြေးငွေ ပေးအပ်ချီးမြှင့်စဉ်။** (မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# နိုင်ငံ၏ ခေတ်နှင့်စနစ် ပြောင်းလဲတိုးတက်မှုအားလုံးမှာ ပညာရေးကို အရေးပါသည့် ကဏ္ဍတွင်ထားပြီး ပညာရေးနှင့်အပြန်အလှန်အကျိုးပြုတိုးတက်ဖြစ်ထွန်းလာစေရအောင်ကြိုးပမ်းဆောင်ရွက်နေ နိုင်ငံ့သားကောင်းသမီးမွန်များဖြစ်လာစေရန် ယနေ့လူငယ်များကို ပညာရေးစွမ်းအားဖြင့် ပြုစုပျိုးထောင်





**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၃၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၇

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၂)သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဒုတိယဝန်ကြီးများ ၊ ဒုတိယတရားသူကြီးချုပ် (အထက်မြန်မာပြည်)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများနှင့် အထက်မြန်မာပြည် အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် ပတ်သက်၍ မြင့်မားသည့် မျှော်မှန်းချက်များထားရှိပြီး အနှစ်သာရရှိရှိ တိုးတက်ပြောင်းလဲလာစေရန် စနစ်တကျစီမံကိန်းများ ချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်၏ပညာရေးစနစ် မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်မှုများသည် ပညာရေးရှုထောင့်သက်သက်မှ ဆောင်ရွက်နေခြင်း မဟုတ်ဘဲ နိုင်ငံ၏ ခေတ်နှင့်စနစ် ပြောင်းလဲတိုးတက်မှုအားလုံးမှာ ပညာရေးကို အရေးပါသည့် အခန်းကဏ္ဍတွင်ထားပြီး ပညာရေးနှင့် အပြန်အလှန် အကျိုးပြုတိုးတက်ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းမျှော်မှန်းချက်နှင့်အညီ နိုင်ငံ၏အနာဂတ် အလားအလာများနှင့် ဆီလျော်ကိုက်ညီသည့် စိတ်ဓာတ်၊ နည်းပညာ၊ အတတ်ပညာ အရည်အသွေးများနှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာစေရန် ယနေ့လူငယ်များကို ပညာရေးစွမ်းအားဖြင့် ကြိုတင်ပြုစု ပျိုးထောင်ပေးကြရန် ဆရာဆရာမများကို ပထမဦးစွာ မှာကြားလိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လမ်းမကြီးများ၊ မြစ်ကူးချောင်းကူး တံတားကြီးများ တည်ဆောက်ရာတွင် တန်ချိန်မြင့် မော်တော်ယာဉ်များ၏ ဝန်ကိုခံနိုင်ရန် ရွှံ့နွံတောများကို ဖြတ်သန်းဖောက်လုပ်ရသည့် လမ်းမကြီးများအတွက် နည်းပညာသစ်များသုံးနိုင်ရန်၊ ကျယ်ပြန့်သည့် မြစ်ကြီးများအတွက် ရှည်လျားသည့်တံတားကြီးများ တည်ဆောက်နိုင်ရန် စသည့် နည်းပညာလိုအပ်ချက်၊ ဗိသုကာဒီဇိုင်းလိုအပ်ချက်၊ အဆင့်မြင့် စက်ယန္တရားနှင့် လုပ်ငန်းသုံးပစ္စည်းများ လိုအပ်ချက်များသည် ပိုမိုမြင့်မားလာလျက်ရှိကြောင်း။

စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင်လည်း ခေတ်မီစီမံခန့်ခွဲမှုနည်းစနစ်များ၊ ကွန်ပျူတာ ကွန်ရက်စနစ်များ၊ အရည်အသွေးမြင့်မားသည့် ကျွမ်းကျင်မှုများ စသည့် ပညာရေးနှင့် သက်ဆိုင်သည့် လိုအပ်ချက်များ ပိုမိုများပြားလာနေပြီဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုအပိုင်းမှာ ဆိုလျှင်လည်း နိုင်ငံတကာ အခြေအနေနှင့် လျော်ညီစွာ ရာသီဥတုပူနွေးဖောက်ပြန်လာမှုကို လျှော့ချပေးနိုင်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး စသည့် ဦးတည်ချက်များဖြင့် ထုတ်လုပ်စေနိုင်မည့် နည်းပညာများ ပိုမိုလိုအပ်လာလျက်ရှိကြောင်း။

နိုင်ငံတကာနှင့် နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး အဘက်ဘက်က တိုးမြှင့်ဆက်ဆံနေသည့်အလျောက် နိုင်ငံတကာဆက်သွယ်ဆက်ဆံရေးတွင် အရေးပါသည့် အင်္ဂလိပ်စာဘာသာရပ်၊ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်၊ နိုင်ငံရေးသိပ္ပံဘာသာရပ်နှင့် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေပညာစသည့် ပညာရပ်ပိုင်းဆိုင်ရာမှာ နိုင်ငံတကာအဆင့်မီ မြှင့်တင်ချဲ့ထွင် သင်ကြားပေးနိုင်ရန် လိုအပ်ကြောင်း။

အခြေခံပညာကဏ္ဍတွင် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို ပညာရေး အခြေခံကောင်းများ ရရှိအောင်၊ အတန်းအဆင့်ဆင့်အလိုက် အမှန်တကယ် သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးနိုင်ပါမှ အဆင့်မြင့်ပညာကဏ္ဍမှာ ပညာရပ်ဆိုင်ရာအလိုက် ထူးချွန်ပြောင်မြောက်အောင်ဆက်လက်လေ့လာ သင်ယူနိုင်မည်ဖြစ်ကြောင်း။

ထို့အတူပင် ငယ်စဉ်ကပင် စိတ်ဓာတ်၊ အကျင့်စရိုက်နှင့် အလေ့အကျင့်ကောင်းများ စွဲမြဲရရှိစေရန် အခြေခံပညာကဏ္ဍမှာ လေ့ကျင့်ပျိုးထောင်ပေးလိုက်နိုင်ပါမှ အဆင့်မြင့်ပညာကဏ္ဍမှာ ထူးချွန်ထက်မြက်ပြီး နိုင်ငံ့အကျိုးကို ဆောင်နိုင်သည့် အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

အဓိကအားဖြင့် အခြေခံပညာကဏ္ဍတွင် ကျောင်းသူကျောင်းသား တစ်ဦးချင်း၏ ဝါသနာ၊ ဗီဇ အလားအလာနှင့် အရည်အသွေးတို့ကို ဖော်ထုတ်မြှင့်တင်ပေးရင်း ပညာရေး အခြေခံကောင်းတွေကို တန်းစဉ်အဆင့်ဆင့်တွင် တိုးတက်ခိုင်မာ မြင့်မားလာစေရအောင် ပြုစုပျိုးထောင်ပေးနိုင်မှသာ ပညာရည်မြင့်မားထက်မြက်သည့် နိုင်ငံသူ၊ နိုင်ငံသားများ တိုးပွားဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ထိုသဘောတရားနှင့်အညီ မိမိတို့ ကြုံတွေ့ရသည့် ကျောင်းသူ၊ ကျောင်းသား ကလေးငယ်တိုင်းကို ဆင်းရဲချမ်းသာမရွေး၊ လူနေမှုအဆင့်အတန်းမရွေး၊ အသိဉာဏ်အနိမ့်အမြင့်မရွေး စေတနာတစ်ပြေးညီထားပြီး ကျောင်းသားတစ်ဦးချင်း၏ အခြေအနေနှင့် လျော်ညီစွာ အလေးဂရုပြု သင်ကြားပေးကြစေလိုကြောင်း၊ အထူးသဖြင့် အားနည်းသည့်ကလေးများအပေါ်မှာ ပိုမိုပြီး အလေးထား သင်ကြားပေးကြစေလိုကြောင်း။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ချမှတ်လမ်းညွှန်ခဲ့သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်မှာ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆိုသည့် အခြေခံလိုအပ်ချက်များအပြင် ကျေးလက်စီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး ဆိုသည့် လူနေမှုအဆင့်အတန်းနှင့် လူမှုအရည်အသွေးမြှင့်တင်ရေး အစီအမံများ ပြည့်ပြည့်စုံစုံပါရှိကြောင်းကို အားလုံးအမှတ်ရကြမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဒီလိုရည်မှန်းချက်ရှိရှိ အရှိန်အဟုန်နှင့် အာရုံစူးစိုက်ပြီး တစ်နိုင်ငံလုံး ဖြန့်ကြက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတွက် ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသည့် သောက်သုံးရေရရှိရေးနှင့် ကျေးလက်စီးပွားရေး လုပ်ငန်းများ တစ်ရှိန်ထိုး တိုးတက်လာခဲ့သည်ကို ထင်ထင်ရှားရှား တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယင်းအခြေအနေမျိုးတွင် ကျေးလက်ရှိ အခြေခံပညာကျောင်းများ၏ ပညာရေး အရည်အသွေးကို မြှင့်တင်ပေးနိုင်သည်အမျှ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုအရှိန် ပိုရလာပြီး ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးမှုကွာဟချက်သည်လည်း ပို၍ပို၍ကျဉ်းမြောင်း ပပျောက်သွားမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသား စံပြဆု စစ်ကိုင်းတိုင်း မုံရွာပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း မူလတန်းပြ ကသ အမှတ် (အက်ဖ် ၁၅၀) ဦးဝင်းမင်းထွန်း၊ သင်တန်းသူစံပြဆု မကွေးတိုင်း မင်းတုန်းမြို့နယ် ဒေါင်းသမားလေးရွာ အခြေခံပညာမူလတန်းကျောင်း မူလတန်းကျောင်းအုပ် ကသ အမှတ် (အေ ၁၄၆)ဒေါ်စုမ၊ သင်တန်းသား ဖွဲလုံ့လဆု မန္တလေးတိုင်း ငါန်းဇွန်မြို့နယ် လက်ဒီပရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း မူလတန်းပြ ကသ အမှတ် (အက်ဖ် ၅၄) ဦးသန်းထွန်း၊ သင်တန်းသူ ဖွဲလုံ့လဆု မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းခွဲ အလယ်တန်းပြ ကသ အမှတ် (အေ ၁၀၂) ဒေါ်မြင့်မြင့်ကြူနှင့် မကွေးတိုင်းအောင်လံမြို့နယ် ဩလို့ရွာ အခြေခံပညာ အထက်တန်းကျောင်း အလယ်တန်းပြ ကသ အမှတ်(အေ ၁၂၂) ဒေါ်ညွန့်ညွန့်စိန်၊ စံပြအဆောင်ဆု အမျိုးသား အမှတ်(၁)တပ်ခွဲ အဆောင်(၈)နှင့် အမျိုးသမီး အမှတ်(၅)တပ်ခွဲ အဆောင်(၈)တို့မှ သင်တန်းသား၊ သင်တန်းသူ ကိုယ်စားလှယ်များအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းခေါင်းဆောင်များအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ (အထက်မြန်မာပြည်) အခြေခံပညာကျောင်းများမှ သင်တန်းသား ဆရာ ၂၂၂ဦး၊ သင်တန်းသူ ဆရာမ ၁၀၈၃ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၃၀၅ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ကရာတေးဒိုနည်းစနစ် သင်တန်းအမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့က ကြီးမှူး၍ ကရာတေးဒို နည်းစနစ်သင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒို အားကစားလေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သင်တန်းသားသင်တန်းသူများအား တစ်ဦးချင်း မိတ်ဆက်ပေးပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၁ရက်အထိ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အတည်ပြုချိန် ၃း၀၀**

### ☆ ကာကွယ်ရေးမှ

နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ကလည်း ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

# ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ရန်ကုန်မြို့ရှိ စက်မှု(၂) စက်ရုံများစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၇

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လျှပ်စစ်နှင့် အီလက်ထရွန်နစ်စက်ရုံ(တောင်ဒဂုံ)သို့ ရောက်ရှိရာ စက်ရုံမှ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း အိမ်သုံးလျှပ်စစ်မီတာများ ထုတ်လုပ်နေမှုကို ရှင်းလင်းတင်ပြသည်။ ယင်းစက်ရုံမှ ထုတ်လုပ်သော အိမ်သုံးလျှပ်စစ်မီတာများသည် အဆင့်မြင့်နည်းပညာများကို အခြေခံ၍ အရည်အသွေးမီထုတ်လုပ်ထားပြီး တစ်ရက်လျှင် အိမ်သုံးမီတာ အလုံး ၁၆၀၀ ထုတ်လုပ်မှု စွမ်းအားရှိကာ ဈေးကွက်လိုအပ်ချက် တစ်နှစ်လေးသိန်း ပြည့်မီကျော်လွန်စွာ ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။**

ထို့နောက် ဝန်ကြီးက ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး ပိုမိုကောင်းမွန်စေရေး၊ ကုန်ကြမ်းပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ ထုတ်လုပ်မှုအဟုန် တိုးတက်ကောင်းမွန်စေရေးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လိုအပ်ချက်ကို အချိန်မီ ဖြည့်ဆည်းပေးနိုင်ရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်းရှိ ထုတ်လုပ်မှုကျွမ်းကျင် လုပ်သားများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြား၍ အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)သို့ ရောက်ရှိပြီး အကြီးစားမော်တော်ယာဉ်ထုတ်လုပ်မှု အလုပ်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ထုတ်လုပ်မှု အရှိန်အဟုန် တိုးတက်ကောင်းမွန်စေရေးနှင့် ထုတ်လုပ်နေသည့် (TE-21) မော်တော်ယာဉ်များ အရည်အသွေး တိုးတက်ကောင်း မွန်စေရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ✳ ကျောဖုံးမှ

အထူးအဖွဲ့(၂)မှ တာဝန်ယူ၍ တံတားသစ်ကြီးတစ်စင်းကို တည်ဆောက်လျက်ရှိသည်။

ထိုပဲခူးတံတားကြီး တည်ဆောက်နေမှုများနှင့် စပ်လျဉ်း၍ ပြည်သူအများ သိရှိစေနိုင်ရန်အတွက် ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသွားခဲ့ရာ တာဝန်ရှိသူတစ်ဦးက "ဒီပဲခူးမြစ်ကိုဖြတ်ပြီး တည်ဆောက်ထားတဲ့ သံပေါင်အမျိုးအစား တံတားနှစ်စင်းယှဉ်လျက်ရှိပါတယ်။ အဲဒီတံတား နှစ်စင်းကတော့ ၁၉၅၄ ခုနှစ်က တည်ဆောက်ခဲ့တဲ့ RPT သံပေါင်အမျိုးအစား တံတားတစ်စင်းနဲ့ ၁၉၉၄ ခုနှစ်က တည်ဆောက်ခဲ့တဲ့ CH သံပေါင်အမျိုးအစား တံတားတစ်စင်းတို့ ဖြစ်ပါတယ်။ အဲဒီ တံတားနှစ်စင်းဟာ နှစ်ကာလလဲ ကြာခဲ့ပါပြီ၊ နောက်တစ်ခုက အဲဒီတံတားတွေဟာ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်မှာလဲရှိ၊ ပဲခူးမြို့ရဲ့ မြို့လယ်ကောင်မှာလဲ ရှိတဲ့အတွက် ယာဉ်ထူထပ်ပါတယ်၊ ကုန်ပစ္စည်းတင်ဆောင်တဲ့ ကားကြီးများနဲ့ ခရီးသည်တင်ကားများဟာ အဓိကတံတားကြီးများမှာ ၂၄ နာရီမပြတ် ဖြတ်သန်းသွားလာနေရပါတယ်။ တံတားဟောင်း နှစ်စင်းလုံးကို ဖြတ်ပြီး ပြန်ဆောက်ပြီးသွားတဲ့အခါမှာတော့ အသွားအပြန် ခြောက်လမ်းသွား လမ်းမကြီးနဲ့ ပဲခူးမြစ်ကူးတံတားသစ်ကြီး တစ်စင်းဖြစ်လာမှာပါ"ဟု တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောပြသည်။

ထိုတံတားကို ၂၀၀၇ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ပြီး တံတားကြီး၏ အမျိုးအစားမှာ သံကူကွန်ကရစ်(ဘိုးပိုင်) အမျိုးအစားဖြစ်သည်။ ခြောက်လမ်းသွား တံတားကြီးတစ်ခုလုံး၏ တံတားအရှည်မှာ ပေ ၃၆၀ ရှိသည်။ ယာဉ်သွားလမ်း၏ အကျယ်မှာ ၇၂ ပေ ဖြစ်သည်။ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် (၆) ပေနှင့် တံတား၏ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ ယခု တည်ဆောက်နေသော သုံးလမ်းသွား တံတားတည်ဆောက်နေမှုမှာ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ၌ အပြီးတည်ဆောက်သွားနိုင်ရန်အတွက် ခန့်မှန်းထားပြီး တံတားဆောက်လုပ်ရေး အထူးအဖွဲ့(၂)မှ အင်ဂျင်နီယာများ၊ တံတားတည်ဆောက်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် လုပ်သားများက အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည်။



**တံတားကြီး ပြီးသွားရင် သွားရေး လာရေးသာ တော့ ကျွန်တော်တို့ဈေးလာဝယ်ရတာ ပိုကောင်းသွားတာပေါ့။"**

ကိုသန့်ဇော်ဦးနှင့် မိသားစု
သနပ်ပင်မြို့နယ်

ပဲခူးမြို့လယ်၌ ဖြစ်ပေါ်နေသော ယာဉ်ကြောပိတ်ဆို့မှုများအား အမှန်တကယ် ဖြေရှင်းပေးနိုင်တော့မည်ဆိုသည်ကို ယခုတည်ဆောက်နေသည့် တံတားကြီးက သက်သေခံနေပြီဖြစ်သည်။ ထိုတံတားကြီး ပြီးစီးသွားပါက အကျိုးကျေးဇူးကောင်းများကို ဒေသခံပြည်သူများနှင့် တံတားကြီးကို အသုံးပြုသွားလာနေကြသူများအားလုံး ခံစားစံစားကြရတော့မည်ဖြစ်သည်။ တံတားကြီး၏ အကျိုးကျေးဇူးများကို ခံစားကြရတော့မည့် ဒေသခံပြည်သူ ဦးရင်စိမ်းက ပြောပြရာတွင် "တံတားကြီးပြီးသွားရင် ကုန်စည်သယ်ယူမှုတွေနဲ့ ခရီးသွားပြည်သူတွေ အချိန်မှန်မှန်နဲ့ အန္တရာယ်ကင်းစွာ သွားလာနိုင်တော့မှာပါ။ တံတားကြီးတည်ဆောက်မှု အားလုံးပြီးသွားရင် အရမ်းကောင်းသွားမှာပါ။ အရင် မိုးတွင်းရေကြီးရင် တံတားအောက်ခြေ ရေမလွတ်ဘူး၊ အခုတော့ အောက်ခြေမြင့်မြင့် ဆောက်ထားတဲ့အတွက် အောက်ခြေ ရေလွတ်မယ်ထင်ပါတယ်"ဟု ပြောပြပါသည်။



**"ဒီတံတားကြီးပြီးသွားရင် ကိုယ့်ယာဉ်ကြောနဲ့ကိုယ် မောင်းရမှာဆိုတော့ အန္တရာယ် ပိုကင်းသွားမှာပါ။ အေးအေးဆေးဆေး မောင်းရတာပေါ့။"**

ကိုမြတ်ထွန်းအောင်(ယာဉ်မောင်း-
ဝေါ-ပဲခူး-ရန်ကုန် ယာဉ်လိုင်း)

ဆက်လက်၍ ပဲခူးတံတားကြီးပေါ်တွင် နေ့စဉ်နှင့်အမျှ ဖြတ်သန်းကာ ဝေါ-ပဲခူး-ရန်ကုန် ယာဉ်လိုင်းတွင် ယာဉ်မောင်းကာ အသက်မွေးဝမ်းကျောင်းပြုနေသူ ကိုမြတ်ထွန်းအောင်ကလည်း ပြောပြရာတွင် "ဒီပဲခူးမြို့လယ်တစ်ဝိုက်မှာ ယာဉ်ကြောတွေပိတ်တော့ ကားမောင်းရတာ အန္တရာယ်ရှိတယ်။ ကားကို ထိန်းမောင်းရတာပေါ့။ အချိန်လည်း နည်းနည်းကုန်တာပေါ့။ ဒီတံတားကြီးပြီးသွားရင် ကိုယ့်ယာဉ်ကြောနဲ့ကိုယ် မောင်းရမှာဆိုတော့ အန္တရာယ်ပိုကင်းသွားမှာပါ။ အေးအေးဆေးဆေး မောင်းရတာပေါ့"ဟု ယာဉ်မောင်းတစ်ဦး၏ တွေ့ကြုံခံစားရမှုများကိုလည်း ယခုလိုကြားခဲ့ရသည်။

ထို့အတူ သနပ်ပင်မြို့နယ်နေ ကိုသန့်ဇော်ဦးနှင့်ဇနီး မခင်နန်းအေးမိသားစုတို့ကလည်း ပဲခူးမြို့ရှိ ယောက္ခမနေအိမ်သို့ အလည်သွားရင်း ကြုံတုန်းကြုံခိုက် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းကို ပဲခူးနှင့် သနပ်ပင်ကူးချည်သန်းချည် သွားလာလုပ်ကိုင်နေရမှုအား ရှင်းပြရာတွင်လည်း "တံတားကြီးပြီးသွားရင် သွားရေးလာရေးသာတော့ ကျွန်တော်တို့ ဈေးလာဝယ်ရတာ ပိုကောင်းသွားတာပေါ့။ အိမ်အပြန် မော်တော်စီးဖို့လည်း အချိန်မီတာပေါ့"ဟု ၎င်း၏ ဈေးဝယ်ခရီး အတွေ့အကြုံလေးကို မိသားစုနှင့်အတူ ရှင်းပြပါသည်။

ထို့နောက် ကြံတိုင်းအောင် ခရီးသည်တင် သုံးဘီးဆိုင်ကယ်လိုင်းတွင် ယာဉ်မောင်းတာဝန်အဖြစ် ထမ်းဆောင်နေသော ဦးကျော်ကလည်း "တံတားသစ်ကြီး လုံးဝပြီးသွားရင်တော့ ကျွန်တော်အပါအဝင် ဒီတံတားကြီးပေါ်မှာ ဖြတ်သန်းသွားလာပြီး အသက်မွေးဝမ်းကျောင်း ပြုနေသူတွေအားလုံး အကျိုးကျေးဇူးကောင်းတွေ ရကြရမှာပါ"ဟု ရှင်းပြခဲ့သည်။

ပဲခူးမြို့လယ်မှ တံတားဟောင်းကြီးများကိုဖြတ်ကာ တံတားသစ်ကြီးတစ်စင်းသည် မကြာမီကာလ၌ ပေါ်ထွက်လာတော့မည်ဖြစ်သောကြောင့် အချိန်တိုအတွင်း၌ ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာကာ တိုင်းပြည်၏ စီးပွားရေးသည်လည်း ပိုမိုတိုးတက် ဖွံ့ဖြိုးလာမည်မှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

### ☐ ဆိုင်ကလုန်းမှ

အဆိုပါမုန်တိုင်း၏ အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်ရှိပြီး တစ်ခါတစ်ရံ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်းမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)


**လျှပ်စစ်သုံးလျှင်၊ သတိယှဉ်**

**ဝန်အားမမျှ မသုံးရ။**


### ❍ အင်္ဂါဂြိုဟ်မှ

အင်္ဂါဂြိုဟ်ဆင်း ယာဉ်ပေါ်တွင် တပ်ဆင်ထားမည့် အင်္ဂါဂြိုဟ် သိပ္ပံဓာတ်ခွဲခန်း (Mars Science Laboratory) ကို အပြီးသတ် တည်ဆောက်လျက်ရှိကြောင်း အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအဖွဲ့(နာဆာ) လက်အောက်ရှိ အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးဌာန ညွှန်ကြားရေးမှူး ဒပ်မက်ကူစတင်က ပြောကြားသည်။

နာဆာရှိ ဂျက်တွန်းကန်အားသုံး ယာဉ်တည်ဆောက်ရေး ဌာနသည် အင်္ဂါဂြိုဟ်သိပ္ပံဓာတ်ခွဲခန်းကို တည်ဆောက်လျက်ရှိကြောင်း၊ တည်ဆောက်မှု စရိတ်စက အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့် ရှိမည်ဟု ခန့်မှန်းရကြောင်း ၎င်းက ပြောကြားသည်။

ဂြိုဟ်ဆင်းယာဉ်သစ်သည် အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်၌ ၂၀၁၀ ပြည့်နှစ်တွင် ဆင်းသက်နိုင်မည်ဖြစ်ကြောင်း ကူစတင်က ပြောကြားသည်။

နာဆာသည် လောလောဆယ်တွင် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ ဂြိုဟ်ဆင်းယာဉ် နှစ်စင်းကို စေလွှတ်ထားသည်။

Spirit အမည်ရှိ ဂြိုဟ်ဆင်းယာဉ်နှင့် Opportunity အမည်ရှိ ဂြိုဟ်ဆင်းယာဉ်တို့ကို ၂၀၀၃ခုနှစ် နှစ်လယ်က တစ်စင်းနှင့် တစ်စင်း တစ်လခြားလျက် အင်္ဂါဂြိုဟ်သို့ လွှတ်တင်ခဲ့သည်။ အဆိုပါ ဂြိုဟ်ဆင်းယာဉ် နှစ်စင်းသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် အင်္ဂါဂြိုဟ်၏ မျက်နှာပြင် တစ်ဖက်တစ်ချက်စီ၌ အသီးသီး ဆင်းသက်ခဲ့ကြသည်။

ယခုအချိန်အထိ ဂြိုဟ်ဆင်းယာဉ် နှစ်စင်းအနက် တစ်စင်းက အင်္ဂါဂြိုဟ်တွင် အတိတ်ကာလက ရေရှိခဲ့သည့် အထောက်အထားများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ပေးပို့ခဲ့သည်။

***အင်တာနက်။***

# ကျပ် ၂၀၀ တန်ထီလက်မှတ်များ စတင်ရောင်းချမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စတင်ရောင်းချပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့် အကြိမ်(၂၄၀)မြောက် အောင်ဘာလေသိန်းဆုလက်မှတ်များကို တစ်စောင်လျှင် ငွေကျပ် ၁၀၀ အစား ငွေကျပ် ၂၀၀ အဖြစ် စတင်ထုတ်ဝေရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထီအက္ခရာ အလုံး ၃၀ စတင်ရောင်းချသွားမည်ဖြစ်ပြီး အုပ်ရေများ အပြည့်အဝ ကုန်စင်အောင်ရောင်းချခဲ့ရလျှင် ငွေကျပ် ၂၀၀ တန်ထီလက်မှတ် တစ်ရွက်အနေဖြင့် ကျပ်သိန်း ၁၀၀၀ ဆု တစ်ဆု၊ ကျပ်သိန်း ၅၀၀ဆု တစ်ဆု၊ ကျပ်သိန်း ၃၀၀ဆု သုံးဆု၊ ကျပ်သိန်း ၂၀၀ ဆု ငါးဆု၊ ကျပ်သိန်း ၁၀၀ဆု ၁၇ ဆု၊ ကျပ် ၁၀ သိန်းဆု ၄၉၃ ဆု၊ ကျပ်ငါးသိန်းဆု သုံးဆု၊ ကျပ်သုံးသိန်းဆု ၁၇၃ ဆု၊ ကျပ်နှစ်သိန်းဆု ၁၅၉၃ ဆု၊ ကျပ်တစ်သိန်းဆု ၁၅၇၀၄ ဆု စုစုပေါင်း ၁၇၉၉၃ ဆု ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အက္ခရာစုံအရွက် ၃၀ ပါ မင်္ဂလာစုံတွဲတစ်တွဲသည် ပေါက်ခဲ့ပါက အက္ခရာနှင့် ဂဏန်း(၆)လုံး အစဉ်လိုက်တူသောလက်မှတ်မှ ပထမဆု ငွေကျပ် သိန်း ၁၀၀ ရရှိပြီး ကျန်(၂၉)စောင်မှ အက္ခရာလွဲပြီး ဂဏန်း(၆)လုံး အစဉ်လိုက်တူသည့်အတွက် တစ်စောင်လျှင် ငွေကျပ် ၁၀သိန်းစီဖြင့် (၂၉)စောင်အတွက် ငွေကျပ်သိန်း ၂၉၀ စုစုပေါင်း ငွေကျပ် သိန်း ၃၉၀ ရယူခံစားနိုင်မည်ဖြစ်သည်။ ထီအကြိမ်တစ်ကြိမ်အတွင်း ထီလက်မှတ်တစ်စောင်တည်းဖြင့် ဆုမဲအမျိုးမျိုးပေါက်ခဲ့ပါက ပေါက်ခဲ့သောဆုမဲများအားလုံး ခံစားခွင့်ရှိသည်။ ယခုစနစ်သစ်အရ ထီပေါက်ခဲ့ပါက အနည်းဆုံးဆုငွေကျပ်တစ်သိန်း ရရှိမည်ဖြစ်သည်။

အကြိမ်(၂၄၀) မြောက် ထီဖွင့်ပွဲမှစ၍ ဆုငွေကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)နှင့် အထက်ထီဆုငွေအားလုံးကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် ထုတ်ပေးမည်။ ငွေကျပ် ၁၀၀၀၀၀၀ (ကျပ်ဆယ်သိန်း)နှင့်အောက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ အပြင် ရန်ကုန်တိုင်းပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်း ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၈-၁၀-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ နှောင်းခေတ် တေးပဒေသာ
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၀ ၉။ **မျှော်သူမမောစေချင် (မိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၂း၅၀ ၁။ ၂၀၀၈ ခုနှစ် (၂၄) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ အသက် (၂၁)နှစ်နှင့်အောက် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ (အကြိုဗိုလ်လုပွဲ) "မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်း"
၄း၄၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၀၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၁၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၂၀ ၅။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၃၀ ၇။ မိုးလေဝသအခြေအနေ
၆း၃၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၅ ၉။ သုတစုံလင်ရွှေညာဏ်ရှင်
၇း၂၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စူပါမင်းနှင့် မာနရှင်" (အပိုင်း-၂)**
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်" (အပိုင်း-၂၂)**
၁၅။ မင်းကွန်းဆရာတော်ကြီး၏ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
၁၆။ အစီအစဉ်ပြီး၏။

# ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် ဗဟိုအဆင့်အသိပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၇

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)တို့ပူးပေါင်း ဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် ဗဟိုအဆင့် အသိပေးဆွေးနွေး ခြင်းနှင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ ဖွင့်ပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီမံချက်ဝင် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ စီမံချက်ဝင် မြို့နယ်အသီးသီးမှ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အဖွင့်အမှာစကားပြောကြားကာ စီမံချက်ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို စီမံချက်ဝင် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံပေးအပ်ပြီး အစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

အစီအစဉ် ဒုတိယပိုင်းဖြစ်သည့် ဗဟိုအဆင့် အသိပေးဆွေးနွေးခြင်း အစီအစဉ်ကို နံနက် ၁၀နာရီခွဲတွင် ဆက်လက်ကျင်းပရာ အမျိုးသားခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မှ ဒေါက်တာထင်အောင်၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ စီမံချက်တာဝန်ခံဒေါက်တာ ဒေါ်ဉမ္မာအောင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် တွဲဖက် အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာနှင့် PMCT စီမံချက် အရာရှိ ဒေါက်တာဒေါ်ခင်သန်းနွယ်တို့က အသိပေးဆွေးနွေးကြကာ တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြပြီး အစီအစဉ် ဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ စီမံချက်ဝင် ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၁ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် ဗဟိုအဆင့် အသိပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# အမေရိကန် စစ်ဘက်ရဟတ်ယာဉ်များတိုက်ခိုက်မှုကြောင့် ဆီးရီးယားကျေးရွာမှ အပြစ်မဲ့အရပ်သားရှစ်ဦးသေဆုံး

ဒမတ်စကတ် အောက်တိုဘာ ၂၇

**အီရတ်နိုင်ငံ နယ်စပ်အနီး ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် တနင်္ဂနွေနေ့က မွေးမြူရေး လုပ်ကိုင်သည့် ကျေးရွာအား အမေရိကန်စစ်ဘက် ရဟတ်ယာဉ်များက တိုက်ခိုက်သောကြောင့် အရပ်သားရှစ်ဦး သေဆုံးခဲ့ရာ ထိုသေဆုံးမှုတွင် မိသားစုတစ်စုတည်းမှ ငါးဦးပါဝင်ကြောင်း ဆီးရီးယားနိုင်ငံက ပြောကြားသည်။**

အဆိုပါ တိုက်ခိုက်မှု ဖြစ်စဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက အဆောက်အအုံတစ်ခုအား ဝင်ရောက်မွှေနှောက်နေပုံကို နိုင်ငံပိုင် ရုပ်မြင်သံကြားမှ ပြသပြီးသည့်နောက် ဆီးရီးယားနိုင်ငံခြားရေး ဝန်ကြီးဌာနက ဒမတ်စကတ်ရှိ အမေရိကန် သံရုံးယာယီတာဝန်ခံကို ထိုတိုက်ခိုက်မှုကို ကန့်ကွက်ရန်အတွက် ဆင့်ခေါ်ခဲ့ကြောင်း ဆီးရီးယား သတင်းဌာန ဆာနာက ဖော်ပြသည်။

ဆီးရီးယားနိုင်ငံက ထိုရန်စကျူးကျော်ခြင်းကိုရှုတ်ချကြောင်း၊ ထိုရန်စကျူးကျော်မှုနှင့် ယင်း၏ အကျိုးဆက်များသည် အမေရိကန် တပ်ဖွဲ့များတွင် တာဝန်ရှိကြောင်း အစိုးရ အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဆာနာက ဖော်ပြသည်။

ထို့နောက် အီရတ်သံရုံး ယာယီတာဝန်ခံကိုလည်း ဆင့်ခေါ်ခဲ့သည်ဟု ဆိုသည်။

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်း ဘောကာမောလ်နယ်စပ်ဒေသမှ ဆောက်လုပ်ဆဲ အရပ်ဘက်အဆောက်အအုံတစ်ခုကို ကျူးကျော်တိုက်ခိုက်ရာ၌ အမေရိကန်ရဟတ်ယာဉ် လေးစင်း ပါဝင်သည်ဟု ဆာနာက ပြောကြားသည်။ ဘောကာမောလ်သည် ဆီးရီးယားမှ အီရတ်နိုင်ငံအတွင်းသို့ ဖြတ်သန်းဝင်ရောက်ရာ အချက်အချာနေရာ ဖြစ်သည်။

အီရတ်နိုင်ငံအနောက်ပိုင်း အမေရိကန်တပ်ဖွဲ့များမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ခရစ်ဟတ်ချ်က နယ်စပ်မှ အီရတ်နိုင်ငံဘက်ခြမ်းတွင် စစ်ဆင်ရေးဆောင်ရွက်သည့် အမေရိကန်တပ်ဖွဲ့များသည် အဆိုပါ တိုက်ခိုက်မှု ဖြစ်စဉ်တွင် မပါဝင်ကြောင်း ပြောကြားသည်။

ဝါရှင်တန်ရှိ အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ၎င်းတိုက်ခိုက်မှုသတင်းကို ယခုမရရှိသေးကြောင်း၊ သို့သော်လည်း ဆက်လက် စစ်ဆေးကြည့်မည်ဖြစ်ကြောင်း ပြောကြားသည်။

အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂေါ်ဒွန်ဂျွန်ဒရိုးက ယင်းတိုက်ခိုက်မှု သတင်းအား စီအိုင်အေ၏ လက်ချက်ဟုတ်၊မဟုတ်ကို သဘောထားမှတ်ချက်ပေးရန် ငြင်းဆိုသည်။

အမေရိကန် ပြည်ထောင်စုနှင့် အမေရိကန် ထောက်ခံထားသော အီရတ်အစိုးရတို့က အယ်လ်ခိုင်ဒါ လက်နက်ကိုင်များအပါအဝင် အမေရိကန်ကို ဆန့်ကျင်သော သူပုန်များသည် နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လာခြင်းအား ဆီးရီးယားနိုင်ငံက ထိရောက်စွာပိတ်ဆို့ခြင်းမပြုဟု အပြစ်တင်သည်။

အီရတ်နယ်စပ်မှ ခုနစ်ကီလိုမီတာ (လေးမိုင်)ကွာပြီး ဘောကာမောလ်မှ နှစ်ကီလိုမီတာဝေးသော မာရှာဒက်ချ် ကျေးရွာအား ညနေ ၅နာရီတွင် တိုက်ခိုက်ကြောင်း မျက်မြင်များ၏ ပြောကြားချက်ကို ဆာနာက ဖော်ပြသည်။

တည်ဆောက်ဆဲ အရပ်ဘက် အဆောက်အအုံတစ်ခုကို ရဟတ်ယာဉ်များက တိုက်ခိုက်ရာတွင် အဆောက်အအုံအတွင်းရှိ အလုပ်သမားများကို ပစ်ခတ်ကြောင်း၊ အဆောက်အအုံအစောင့်၏ ဇနီးသည်အပါအဝင် အရပ်သားရှစ်ဦး သေဆုံးခဲ့ကြောင်း ဖော်ပြသည်။

သေဆုံးသူများတွင် အမျိုးသားတစ်ဦးနှင့် သူ၏ကလေး လေးဦး ပါဝင်ပြီး လက်ထပ်ပြီး စုံတွဲတစ်တွဲလည်း ပါဝင်သည်ဟု ဆိုသည်။ ၎င်းတို့အားလုံးသည် ဆီးရီးယားလူမျိုးများဖြစ်ကြသည်။ ထိုအဆောက်အအုံကို ပိုင်ဆိုင်သော မိသားစု တစ်စုလုံးလည်း သေဆုံးသွားကြသည်ဟု ဆက်လက်ဖော်ပြသည်။

*အမ်အင်အေ၊ရိုက်တာ။*



**"သူတို့က ကျွန်မတို့ကို စပြီးပစ်တော့ ကျွန်မသားငယ်က ပြေးထွက်သွားပါတယ်၊ သူ့ကိုအကာအကွယ်ပေးဖို့ ကျွန်မသွားတော့ ကျွန်မကို ပစ်ပါတယ်"** *လုံခြုံရေးစောင့်၏ ဇနီး*

# နိုင်ငံတော်သြဝါဒါစရိယ ကချင်ပြည်နယ် ရွှေကူမြို့ မြို့မပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇဝန(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



## ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်း ကသာမြို့နယ် မိုးတားကျေးရွာ ခမည်းတော် ဦးထွန်းပြည့်၊ မယ်တော် ဒေါ်တုတ်တို့မှ ၁၂၇၃ ခုနှစ် ကဆုန်လဆန်း ၅ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

## ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၅ ခုနှစ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကသာမြို့နယ် မိုးတားကျေးရွာ သရက်ပင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၂၉၂ခုနှစ် ဝါဆိုလဆန်း ၁၃ရက်တွင် မိုးတားကျေးရွာ မကျည်းပင်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးမြို့ ခင်မကန်တိုက် မိုးတားကျောင်းဆရာတော်၊ သူဌေးကျောင်းဆရာတော်၊ စံကျောင်းဆရာတော်၊ ဆင်တဲတိုက်အုပ်ဆရာတော်၊ တောင်သမန်တိုက်ဆရာတော်၊ ချမ်းသာကြီးမြောက်တိုက်ဆရာတော်၊ လယ်တီဦးကောဝိဒဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကိုသင်ယူ၍ အစိုးရပထမလတ်တန်းနှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အထက်တန်းကျမ်းစာကြီးများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

## စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၀၉ ခုနှစ်တွင် ရွှေကူမြို့ မြို့မပရိယတ္တိစာသင်တိုက်ကြီးကို စတင်တည်ထောင်ဖွင့်လှစ်၍ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း စသော အခြေခံကျမ်းစာများနှင့် ဓမ္မာစရိယ စာချတန်းဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို နှစ်ပေါင်း (၄၀)ကျော် သင်ကြားပို့ချခြင်း၊ မြစ်ဖျားဧရာဓမ္မဒေသနာ၊ ကာဗျမာလာ ဓမ္မဒေသနာ၊ အပ္ပမာဒမြတ်ဓမ္မ စသော ကျမ်းစာများကို ရေးသားပြုစုတော်မူခြင်း စသည်တို့အပြင် ၁၃၁၄ ခုနှစ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် တာဝန်ခံဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ၁၃၄၁ခုနှစ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရေးအတွက် မူလသံဃာ့ဝန်ဆောင် ၆၆ ပါးတွင်လည်းကောင်း၊ ၁၃၄၂ ခုနှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒုတိယအကြိမ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တတိယအကြိမ် သက်တမ်းမှစ၍ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပါသည်။

## ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၀(၁၉၈၉) ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဍ္ဍနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်တို့နှင့်ပြည့်စုံတော်မူ၍ ၁၃၆၃ (၂၀၀၂)ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၉)ဝါအရ ၁၃၇၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ရက် (၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်) စနေနေ့ ည ၁၀နာရီ မိနစ် ၃၀တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

# ခြေစွာနေသည့် ဟူးလ်စီးတီးကို ချယ်လ်ဆီးတို့ ဟန့်တားနိုင်မည်လား အာဆင်နယ်နှင့် လီဗာပူးတို့ အိမ်ကွင်းနိုင်ပွဲဆက်ဦးမည့် ပရီမီယာလိဂ်ပွဲစဉ်(၁၀)

အောက်တိုဘာ ၂၉၊ ၃၀ (ဗုဒ္ဓဟူး၊ ကြာသပတေး) နံနက် ၁း၁၅နာရီ

**ပရီမီယာလိဂ်ပွဲစဉ်(၉)အပြီးတွင် ဇယားထိပ်က ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ လီဗာပူးကိုရှုံးပြီး ဒုတိယနေရာကို ဆင်းပေးခဲ့ရသလို မန်ယူမှာလည်း အဲဗာတန်နဲ့သရေကျပြီး အဆင့်(၆)ကို ဆင်းပေးခဲ့ရပါတယ်။ ယခုပွဲစဉ်(၁၀) အပြီးတွင် လီဗာပူးတို့သာ ဇယားထိပ်မှာ ဆက်လက်ဦးဆောင်နေဦးမည်ဖြစ်ပြီး ချယ်လ်ဆီးတို့ ခြေစွာနေတဲ့ တန်းတက်ဟူးလ်စီးတီးကို အနိုင်ယူပြီး ဒုတိယနေရာကို ဆက်လက်ထိန်းထားနိုင်မလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။**

**ဝင်းတင်(ကြေးမုံ)**

### ဟူးလ်စီးတီး-ချယ်လ်ဆီး

ပရီမီယာလိဂ်မှာ ခြေစွာနေတဲ့ ဖီးလ်ဘရောင်းရဲ့ တန်းတက်ဟူးလ်စီးတီးဟာ ချယ်လ်ဆီးနဲ့အမှတ်တူပြီး အဆင့်(၃)မှာမြဲနေပါတယ်။ ချယ်လ်ဆီးကတော့ ပြီးခဲ့တဲ့ပွဲမှာ လီဗာပူးကိုရှုံးခဲ့တာကြောင့် ဒီပွဲမှာ တင်ကစားလာမှာပါ။ ကစားသမားစုဖွဲ့မှုအင်အားမှာ ချယ်လ်ဆီးကသာသလို သမ္မာနဲ့ တစ်ဦးချင်းကျွမ်းကျင်မှုမှာလည်း ချယ်လ်ဆီးက သာပါတယ်။ ဒါပေမယ့် နိုင်ပွဲဆက်နေတဲ့ ဟူးလ်စီးတီးကစားသမားများရဲ့ စိတ်ဓာတ်ဟာ အမြင့်ဆုံးကို ရောက်နေပြီး ကစားသမားအားလုံးဟာလည်း သူ့နေရာနဲ့သူ တာဝန်ကျေအောင်ကစားနိုင်ကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီပွဲဟာသရေကျဖို့များပြီး ချယ်လ်ဆီးတို့ နိုင်မယ်ဆိုရင်လည်း ပွတ်ကာသီကာလေးပဲ ဖြစ်မှာပါ။

### အာဆင်နယ်-စပါး

အာဆင်နယ်တို့ ခြေပြန်မှန်လာပြီး နောက်ပိုင်းပွဲတွေမှာ ဂိုးသွင်းအားပါကောင်းလာတာကို တွေ့ရပါတယ်။ စပါးကတော့ ပြီးခဲ့တဲ့ ဘော်လ်တန်နဲ့ပွဲမှာ နိုင်ပွဲစရခဲ့ပေမယ့် ခြေစွမ်းကတော့ အားရစရာမရှိသေးပါဘူး။ ဒီပွဲမှာ အာဆင်နယ်တိုက်စစ်မှူးတွေဂိုးသွင်းသေချာရင် အိမ်ရှင်တို့ ဂိုးပြတ်နဲ့နိုင်မယ့်ပွဲပါ။

### လီဗာပူး-ပို့စ်မောက်

လီဗာပူးတို့ရဲ့ ဒီနှစ်ခြေစွမ်းဟာ ပြိုင်ပွဲအရပ်ရပ်တိုင်းမှာ ချန်ပီယံဆုဖလားကိုမှန်းနိုင်တဲ့ အနေအထားပါ။ ညှော်သည်ပို့စ်မောက်တို့ရဲ့ခြေစွမ်းက သာမန်အဆင့်မှာသာရှိတာကြောင့် လီဗာပူးရဲ့တိုက်စစ်ကို ရေရှည်ထိန်းနိုင်မယ်မထင်ပါဘူး။ လီဗာပူးတို့ နိုင်ပွဲဆက်ဦးမှာပါ။

### မန်ယူ-ဝက်စ်ဟမ်း

ဝက်စ်ဟမ်းရှုံးပွဲဆက်နေသလို မန်ယူကလည်း ပြီးခဲ့တဲ့ပွဲစဉ်မှာ သရေတစ်မှတ်သာ ရရှိခဲ့ပါတယ်။ လက်ရှိခြေစွမ်းအရ မန်ယူကသာပေမယ့် ဝက်စ်ဟမ်းဟာ ကစားအားရှိတဲ့အသင်းပါ။ ဒါကြောင့် အိုးလ်ထရက်ဖို့ဒ်မှာ မန်ယူနိုင်မှာဖြစ်ပေမယ့် ဂိုးမပြတ်ပါဘူး။

ယနေ့ပွဲစဉ်(၁၀)တွင် အဲဗာတန်၊ မန်စီးတီး၊ ဆန်းဒါးလန်း၊ ဗီလာ၊ နယူးကာဆယ်တို့ နိုင်ပွဲရရှိနိုင်ပြီး ဖူလ်ဟမ်နဲ့ ဝီဂန်ပွဲကတော့ သရေနဲ့သာ အဆုံးသတ်ဖို့ များပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၁၀)ကစားမယ့်ပွဲများမှာ အောက်တိုဘာ၂၉ ရက် (ဗုဒ္ဓဟူးနေ့)နံနက်တွင်နယူးကာဆယ်နဲ့ဝက်စ်ဘရွန်း၊ အောက်တိုဘာ ၃၀ရက် (ကြာသပတေးနေ့)နံနက်တွင် ဘော်လ်တန်နဲ့အဲဗာတန်၊ မစ်ဒယ်ဘရော့နဲ့ မန်စီးတီး၊ စတုတ်စီးတီးနဲ့ဆန်းဒါးလန်း၊ ဗီလာနဲ့ဘလက်ဘန်း၊ ဟူးလ်စီးတီးနဲ့ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့စပါး၊ ဖူလ်ဟမ်နဲ့ဝီဂန်၊ လီဗာပူးနဲ့ပို့စ်မောက်၊ မန်ယူနဲ့ဝက်စ်ဟမ်းတို့ ယှဉ်ပြိုင်ကစားကြမှာပါ။

**ပရီမီယာလိဂ်ပွဲစဉ်(၉)အပြီးထိပ်ဆုံး (၁၀) သင်းရပ်တည်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | လီဗာပူး | ၉ | ၇ | ၂ | ၀ | ၁၄ | ၆ | ၂၃ |
| ၂ | ချယ်လ်ဆီး | ၉ | ၆ | ၂ | ၁ | ၁၉ | ၄ | ၂၀ |
| ၃ | ဟူးလ်စီးတီး | ၉ | ၆ | ၂ | ၁ | ၁၄ | ၁၁ | ၂၀ |
| ၄ | အာဆင်နယ် | ၉ | ၆ | ၁ | ၂ | ၁၈ | ၆ | ၁၉ |
| ၅ | ဗီလာ | ၉ | ၅ | ၂ | ၂ | ၁၂ | ၁၀ | ၁၇ |
| ၆ | မန်ယူ | ၈ | ၄ | ၃ | ၁ | ၁၃ | ၅ | ၁၅ |
| ၇ | ပို့စ်မောက် | ၉ | ၄ | ၂ | ၃ | ၁၀ | ၁၄ | ၁၄ |
| ၈ | မန်စီးတီး | ၉ | ၄ | ၁ | ၄ | ၂၃ | ၁၄ | ၁၃ |
| ၉ | ဆန်းဒါးလန်း | ၉ | ၃ | ၃ | ၃ | ၉ | ၁၀ | ၁၂ |
| ၁၀ | ဝက်စ်ဟမ်း | ၉ | ၄ | ၀ | ၅ | ၁၄ | ၁၆ | ၁၂ |

# စက်မှုလက်မှုသင်တန်းကျောင်း(ပန်ဆန်း) အမှတ်စဉ်(၄) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် အောက်တိုဘာ ၂၃ရက် နံနက် ၈ နာရီတွင် ပန်ဆန်းမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်း ခန်းမ၌ကျင်းပသော အခြေခံစက်ပြင်သင်တန်း၊ အခြေခံလျှပ်စစ် ဂဟေဆက်သင်တန်းနှင့် အခြေခံအဆောက်အအုံ သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲသို့ တက်ရောက်၍အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ အခြေခံစက်ပြင်သင်တန်းမှ သင်တန်းသား ၁၂ ဦး၊ အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်းမှ သင်တန်းသား ၁၂ ဦးနှင့် အခြေခံအဆောက်အအုံ သင်တန်းမှ သင်တန်းသား ၁၁ ဦး စုစုပေါင်း သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းအောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကြည့်ရှုစစ်ဆေး**

**ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်းတွင် သင်တန်းသူ အိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# တယ်လီဖုန်းဖြင့် ခြိမ်းခြောက်ပြောဆိုသူအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၇**

အောက်တိုဘာ ၂၄ ရက် ည ၆ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ အမျိုးသားတစ်ဦးက တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ “မယကရုံး၊ ပြည်ခိုင်ဖြိုးရုံးနှင့် ရဲစခန်းတို့ကို ဒီနေ့ည ဗုံးခွဲမယ်” ဟုခြိမ်းခြောက်ပြီး ညစ်ညမ်းစွာ ဆဲဆိုခဲ့ကြောင်း သိရှိရသည်။

အဆိုပါသတင်းကို ရလျှင်ရချင်း ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် ပန်းဘဲတန်းရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးခဲ့ရာ ပြည်သူလူထု၏ကူညီသတင်းပေးမှုဖြင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ခြိမ်းခြောက်ခဲ့သူမှာ ရာစင်(ခ)တင်မြင့် (၄၁)နှစ်၊ (ဘ) ဦးဒါဝတ်၊ အမှတ်(၁၂၄) လမ်း(၃၀) အမှတ်(၇)ရပ်ကွက် ပန်းဘဲတန်းမြို့နယ်နေသူဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းနေ့ ည ၉ နာရီ ၁၀ မိနစ်တွင် ၎င်းအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ရာစင်(ခ)တင်မြင့်အား စစ်မေးရာ တယ်လီဖုန်းဖြင့် ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဆက်သွယ်ခြိမ်းခြောက်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ၎င်းအား ပန်းဘဲတန်းရဲစခန်းမှ (ပ) ၂၇၈/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၂၉၄/၅၀၅(ခ)/၅၀၆ ဖြင့် အမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံနှင့်အနီးတဝိုက်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ

# ရာရှ်မီမုန်တိုင်း ဘင်္ဂလားဒေ့ရှ်သို့ဝင်ရောက်

ရန်ကုန် အောက်တိုဘာ ၂၇

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်း တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တပ်ကုန်းတွင် ၀ဒသမ ၈၇လက်မ၊ နေပြည်တော် (သပြေကုန်း)တွင် ၀ဒသမ ၇၉လက်မ၊ နေပြည်တော်လယ်ဝေးတွင် ၀ဒသမ ၇၅လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၀ဒသမ ၇၁လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၃ဒသမ ၈၂လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၃ဒသမ ၅၈လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၂ဒသမ ၄၄လက်မ၊ မောင်တောမြို့တွင် ၂ဒသမ ၃၆လက်မနှင့် စစ်တွေမြို့တွင် ၁ဒသမ ၆၉လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။** ။ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သောမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားကာ ပိုမိုအားကောင်းလာခဲ့ပြီး ညပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း‘ရာရှ်မီ’ အဖြစ်သို့ရောက်ရှိခဲ့သည်။ ယနေ့မြန်မာစံတော်ချိန် နံနက် ၁၀နာရီ တိုင်းထွာချက်များအရ အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်အနီးမှ ကမ်းခြေကိုဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းပိုင်းသို့ဝင်ရောက်ကာ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။ အဆိုပါကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက် ရွေ့လျားကာ နောက် ၂၄နာရီအတွင်း အားပျော့မည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၈ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ ထိတိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | | |
|---|---|---|
| ၂၆ ဒသမ ၀ဒီဂရီစင်တီဂရိတ် | (၇၉ဒီဂရီဖာရင်ဟိုက်) | ၂၆-၁၀-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | | |
|---|---|---|
| ၁၉ ဒသမ ၅ဒီဂရီစင်တီဂရိတ် | (၆၇ဒီဂရီဖာရင်ဟိုက်) | ၂၇-၁၀-၂၀၀၈ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ | ၁၀၀ရာခိုင်နှုန်း | ၂၇-၁၀-၂၀၀၈ |
| နေပူသည့်နာရီပေါင်း | မရှိပါ | ၂၆-၁၀-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၇-၁၀-၂၀၀၈ | ၆၂မမ(၂ဒသမ ၄၄လက်မ) | ၉၇မမ(၃ဒသမ ၈၂လက်မ) | ၉၁မမ (၃ဒသမ ၅၈လက်မ) |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၇၂၄မမ (၁၀၇ဒသမ ၂၄လက်မ) | ၃၀၁၈မမ (၁၁၈ဒသမ ၈၂လက်မ) | ၃၄၈၇မမ (၁၃၇ဒသမ ၂၈လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၆-၁၀-၂၀၀၈ရက် ၁၂း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ **Deputy Chief of General Staff, General, Zhang Li** အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။**

## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တပ်မတော် အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၏ အထူးလေယာဉ်သည် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

**အာကာသ သိပ္ပံသတင်း ဘာသာပြန်-ရောမောင်**

# အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေး ဂြိုဟ်ဆင်းယာဉ်သစ် စေလွှတ်မည်

**ဝါရှင်တန် အောက်တိုဘာ ၂၇**

အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးလုပ်ငန်းအတွက် လာမည့်နှစ်အောက်တိုဘာလတွင် ယင်းဂြိုဟ်သို့ ဂြိုဟ်ဆင်းယာဉ်သစ်တစ်စင်း စေလွှတ်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ○



# ဆိုင်ကလုန်းမုန်တိုင်း ဘင်္ဂလားဒေ့ရှ်သို့ဝင် ၂၄နာရီအတွင်း အားပျော့သွားဖွယ်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ယနေ့နံနက် မြန်မာစံတော်ချိန် ၁၀ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော "ရာရှ်မီ" RASHMI အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်အနီးမှကမ်းခြေကိုဖြတ်ကျော်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်အရပ်သို့ ဆက်လက်ရွေ့လျားကာ နောက် ၂၄ နာရီအတွင်း အားပျော့သွားမည်ဟု ခန့်မှန်းရသည်။**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

# အထက်-အောက် ဆက်သွယ်မှု လွယ်ကူချောမွေ့စေမည့် ပဲခူးမြစ်ကူးတံတားကြီး တည်ဆောက်မှုမြင်ကွင်း

ရန်ကုန်မြို့မှ မန္တလေးမြို့နှင့် မြန်မာနိုင်ငံအထက်ပိုင်းသို့ ကားလမ်းခရီးဖြင့်သွားပါက ပထမဆုံးတွေ့မြင်ရမည့် မြစ်ကူးတံတားကြီးမှာ ပဲခူးမြို့လယ်ရှိ ပဲခူးမြစ်ကူးတံတားကြီးဖြစ်သည်။ ပဲခူးမြစ်ကူးတံတားကြီးသည် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်ရှိ အဓိကကျသည့် တံတားကြီးတစ်စင်းဖြစ်သည်။ ထိုပဲခူးမြစ်ကူးတံတားကြီးသည် အစဉ်အမြဲ တောင့်တင်းကြံ့ခိုင်ပြီး ယာဉ်အန္တရာယ်နှင့် ယာဉ်ပိတ်ဆို့မှု ကင်းရှင်းနေစေရန် လိုအပ်ပေသည်။

ယခင်တံတားဟောင်းကြီးမှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဖြစ်၍ ဟောင်းနွမ်းချို့ယွင်းလာပေပြီ။ ထို့အပြင် ပဲခူးမြို့၏ မြို့လယ်ဗဟိုအချက်အချာကျသော နေရာတွင်လည်းဖြစ်နေ၍ ယာဉ်ကြောပိတ်ဆို့နေမှုနှင့် ယာဉ်တိုက်မှုအန္တရာယ်များ ကင်းဝေးစေနိုင်ရန်အတွက် တံတားဟောင်းနေရာ၌ တံတားသစ်ကြီးတစ်စင်းကို အစားထိုးတည်ဆောက်ရန် လိုအပ်လာပြီဖြစ်သောကြောင့် ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သာညာဏ် (သတင်းစဉ်)**



**အသစ်တည်ဆောက်ပြီးစီးတော့မည့် သုံးလမ်းသွား ပဲခူးမြစ်ကူးတံတားကြီးကိုတွေ့ရစဉ်။**